
# ဘာ့ကြောင့်ပညတ်စောင့်ရသနည်း။

## ဂလာတိ ၃း ၁၉ကို အနက်ဖွင့်ခြင်း



AT Jones

# ဘာ့ကြောင့်ပညတ်စောင့်ရသနည်း။

## ဂလာတိ ၃း ၁၉ကို အနက်ဖွင့်ခြင်း

AT Jones

ဖေဖော်ဝါရီ ၆, ၁၉၀၀ - March 13, 1900ခုနှစ်ထုတ်

Review & Herald ဆောင်းပါးမှ ကောက်နုတ်ချက်

www.maranathamedia-myanmar.com

ပုံနှိပ်တိုက်

မတ်လ၊ ၂၀၁၇

# မာတိကာ

နိဒါန်း

ဘာ့ကြောင့်ပညတ်စောင့်ရသနည်း။

ကိုယ်ကျင့်တရားပညတ်တော်နှင့် ပွဲတော်ပညတ်များ

ပညတ်တော်ချိုးဖောက်မှုကြောင့် ပေးထားသည်

ဒုစရိုက်အပြစ်ကြောင့် မိန့်တော်မူခဲ့သော ပညတ်တော်

အာမခံ၏ လက်၌ - ဂလာတိ ၃း ၁၉

ကတိတော်ခံရသော အမျိုးနွယ် မဖြစ်မီတိုင်အောင် (ဒုတိယအကြိမ် ကြွလာခြင်း)

နိဒါန်း

၁၈၈၈ခုနှစ်၊ ခရစ်တော်ကို မြှော်လင့်သော သတ္တမနေ့ ဥပုသ်အသင်းတော်၏ ဘိုင်ဘလ် ကွန်းဖရင့်၌ ဂလာတိကျမ်းရှိ ပညတ်တော်အကြောင်း ဆွေးနွေးရာတွင် အခြေခံယုံကြည်ချက်နှင့် ပတ်သက်၍ ငြင်းခုံစရာမေးခွန်းတစ်ခုရှိခဲ့သည်။

ထိုမေးခွန်း၏ အဓိကအချက်ကို နားလည်ရန် အဘယ့်ကြောင့် အလွန်အရေးကြီးရသနည်း။ ဂလာတိကျမ်းရှိ ပညတ်တော်သည် သမ္မာကျမ်းစာရှိ ထာဝရပဋိညာဉ်အကြောင်း ကောင်းစွာ နားလည်ခြင်း ရှိမရှိကို ဖော်ပြနေသည်။ ထာဝရပဋိညာဉ်၏ အဓိကအကြောင်းအရာကို နားလည်ရန် လွယ်ကူသော်လည်း သမ္မာကျမ်းစာ၌ ဖော်ပြထားသည့်အတိုင်း အသေးစိတ်နားလည်ရပါမည်။ အထူးသဖြင့် ရှင်ပေါလုရေးသားသော ကျမ်းစာများကို ကောင်းစွာ နားလည်ရန် လိုပါသည်။

သမိုင်းအထောက်အထားများအရ ဂလာတိ အခန်းကြီးသုံးသည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်း အကြောင်းအရာအပေါ် နားလည်မှုနှင့်လည်း ဆက်စပ်နေပါသည်။

> မနက်ကိုးနာရီ၌ ဝပ်ဂေါနားသည် ပညတ်တော်နှင့် သတင်းကောင်းအကြောင်း ဆက်လက်လေ့လာနေသည်။ *လေ့လာခဲ့သော ကျမ်းချက်များမှာ တမန်တော် ၁၅၊ ဂလာတိ ၂၊ ၃၊ ရောမ ၄နှင့် အခြားရောမ ကျမ်းချက်များဖြစ်သည်။ သူ့ရည်ရွယ်ချက်မှာ ခရစ်တော်၌ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းယုံကြည်ချက်အပေါ် ငြင်းခုံမှုများ ဖြေရှင်းရန်ဖြစ်သည်။* ယုံကြည်ခြင်းသည် အာဗြဟံကို လက်ယက်ခေါ်သကဲ့သို့ ကျွန်ုပ်တို့ကိုလည်း ခေါ် ဖိတ်နေပါသည်။ အာဗြဟံ၌ ပြုခဲ့သော ပဋိညာဉ်နှင့် ပေးခဲ့သော ကတိတော်သည် ကျွန်ုပ်တို့အတွက်လည်းဖြစ်ပါသည်။ (“Third Day’s proceedings, Friday, oct, 19, 1888” General conference daily bulletin 2, 1, (Oct, 21, 1888), P. 1)

ဤသတင်းစကားသည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းသတင်းစကား ဟူသော သမ္မာတရားအကြောင်းဖြစ်ကြောင်း အယ်လင်ဝှိုက် အတည်ပြုထား သည်။

> တတိယကောင်းကင်တမန်၏ သတင်းစကားသည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်း သတင်းစကားဟုတ်မဟုတ် မေးမြန်းစာများ အများအပြား ကျွန်မလက်ခံရရှိခဲ့သည်။ "တတိယကောင်းကင်တမန်သတင်စကား မှန်ပါသည်"ဟု ကျွန်မပြန်ဖြေခဲ့ပါသည်။ (The review and Herald, April 1, 1890)

> ဘုရားသခင်သည် ကရုဏာကြီးစွာဖြင့် သူ့လူများအဖို့ အဖိုးတန်ဆုံးသတင်းစကားတစ်ခုကို ဝပ်ဂေါနားနှင့် ဂျုံးမှတဆင့် ပေးခဲ့သည်။ ချီးမြှောက်ခြင်းခံရသော ကယ်တင်ရှင်၊ လောကအပြစ်အတွက် စတေးခံခဲ့ရသူအကြောင်းဖြစ်သော ဤသတင်းစကားသည် ကမ္ဘာကြီးအပေါ် ထင်ထင်ရှားရှား ဖော်ပြရမည်ဖြစ်သည်။ ထိုသတင်းစကားမှာ ဖြောင့်မတ်ခြင်းသည် ယုံကြည်ခြင်းအားဖြင့်လာ၏။ ထိုသတင်းစကားသည် လူများ ခရစ်တော်၏ ဖြောင့်မတ်ခြင်းကို ရရှိနိုင်စေရန် ဖိတ်ခေါ်နေသည်။ ခရစ်တော်၏ ဖြောင့်မတ်ခြင်းသည် ဘုရားသခင်၏ ပညတ်တော်များကို လိုက်နာစောင့်ရှောက်ခြင်းဖြင့် အသက်တာတွင် ထင်ရှားလာစေရန်ဖြစ်သည်။ (TM 91, 92)

ဤသတင်စကားကို ငြင်းပယ်သူ အသင်းတော်ခေါင်းဆောင်များက သတင်းစကားကို မပျံ့ပွားစေရန် တတ်နိုင်သ၍ ထိန်းချုပ်ခဲ့ကြသည်။ အသင်းတော်ရှိ ဆက်သွယ်ရေးနည်းလမ်းများ၊ ပုံနှိပ်တိုက်များကို ထိန်းချုပ်ခဲ့ကြသည်။ အေ၊ တီ၊ ဂျုံးသည် Review & Herald အယ်ဒီတာ ရာထူးရရှိသောအခါ ၁၈၈၈ခုနှစ်၊ သတင်းစကားဖြစ်သော ဂလာတိကျမ်းရှိ ပညတ်တော်အကြောင်း ကောင်းမွန်စွာ ရှင်းလင်းအနက်ဖွင့်ချက်ကို တင်ပြနိုင်ခဲ့သည်။ ကျွန်တော်တို့လည်း ထိုကျမ်းပိုဒ်အပေါ် ငြင်းခုံမှုများအတွက် သူ့အနက်ဖွင့်ဆိုချက်ကို ပြန်လည်ဖော်ပြရပါသည်။ "ကတိတော် ခံရသော

အမျိုးနွယ် အဖြစ်မည်တိုင်အောင်” ဟူသော စာကြောင်းသည် မည်သည့်အချိန်တွင် ပြည့်စုံမည်နည်း။

ဤအနက်ဖွင့်ဆိုချက်ကို စာဖတ်သူ အထူးဂရုတစိုက်လေ့လာစေလိုပါသည်။ အေ၊ တီ၊ ဂျုံးသည် သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းပြမှုဖြင့် ၁၈၈၈ သတင်းစကား၏ အဓိအချက်များကို အခြားကျမ်းချက်အထောက်ထားများဖြင့်၊ လောဂျစ်ကျကျ တင်ပြထားပါသည်။ ဤအနက်ဖွင့်ချက်က ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်း၏ တန်ခိုးကို ကန့်သတ်စေသော ပဋိညာဉ်ဆိုင်ရာ ပရိုထက်စတင့်များ၏ ယူဆချက်များကို ချေဖျက်ရန် အခြေခံအုပ်မြစ်ချထားပေးပါသည်။ ယုံကြည်ခြင်းဖြင့် ဖြောင့်မတ်ခြင်းသည် ဘုရားသခင်၏ ပညတ်တော်များကို လိုက်လျှောက်ခြင်းဖြင့် ထင်ရှားလာပါသည်။

“အချိန်နီးကပ်ပြီဖြစ်၍ ဤပရောဖက်ပြုဟောပြောသောစကားကို ဖတ်ကြားသောသူနှင့် ဤစကားကိုကြားနာ၍ ၎င်းတွင်ရေးထားသောအရာများကို လိုက်နာစောင့်ထိန်းသောသူတို့သည် မင်္ဂလာရှိကြ၏။” (ဗျာဒိတ် ၁း ၃)

ဘာ့ကြောင့်ပညတ်စောင့်ရသနည်း။

Wherefore then the law? ဂလာတိ ၃း ၁၉ R&H Feb 6, 1900

Wherefore then serves the law? ဤစာကြောင်းတွင် "serves" ဟူသော စကားလုံးသည် အကူစကားလုံးသာဖြစ်ကြောင်း သိသာပါသည်။ စာကြောင်း၏ ဆိုလိုရင်းတွင် မည့်သည့်အဓိပ္ပာယ်မျှ ထူး၍မသက်ရောက်စေပါ။ စာကြောင်းသည် "where fore then the law?"ဟု ရိုးရိုးလေးဖတ်လျှင်လည်း ရပါသည်။ ထို့ကြောင့် တစ်မျိုးပြောင်းရေးရလျှင် "Why then the law?" ဘာကြောင့် ပညတ်တော်လိုအပ်သလဲ။

ဤမေးခွန်းသည် တမန်တော်ရှင်ပေါလု ရေးသားထားသော ဧဝံဂေလိတရားအားလုံးကို ဆန့်ကျင်သော ဖာရှိရဲများ၏ လက်သုံးငြင်းခုံရာ မေးခွန်းဖြစ်သည်။ အကြောင်းမှာ ဧဝံဂေလိတရားတွင် ဖြောင့်မတ်ခြင်းသည် ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့်သာ ရရှိကြောင်း၊ ပညတ်တော်ကို စောင့်ရှောက်ခြင်းကြောင့် ဖြောင့်မတ်ခြင်းတရားကို ရရှိခြင်း မဟုတ်ကြောင်း ဖော်ပြရေးသားသောကြောင့်ဖြစ်သည်။ ထိုကြောင့် ထိုဧဝံဂေလိတရားကို ဟောပြောရာနေရာတိုင်းတွင် ပညတ်တော်ကို စောင့်ရှောက်ခြင်းမှလွဲ၍ အခြားနည်းဖြင့် ဖြောင့်မတ်ခြင်းမရနိုင်ဟု ယူဆထားသောဖာရိရှဲများ၏ စိတ်ထဲတွင် "ပညတ်တော်က ဘာအကျိုးရှိတော့မလဲ"  ဟူသောမေးခွန်းမျိုး ပေါ်လာခြင်းဖြစ်သည်။ သူတို့ ယူဆချက်တွင် ထိုမေးခွန်းသည် ပညတ်တော်စောင့်ရှောက်ခြင်းကြောင့် မဟုတ်ဘဲ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းနှင့်ဆိုင်သော ဟောကြားချက်အလုံးစုံ မမှန်ကြောင်း ပြန်လည်ချေပရန် လုံလောက်သော မေးခွန်းဖြစ်နေခဲ့သည်။

ထိုမေးခွန်းကို ငါတတ်ကြောင်းပြချင်လွန်းသော သဘောမျိုး၊ ရည်ရွယ်ချက်မျိုးဖြင့် ယနေ့ခေတ် ဖာရိရှဲများက အသုံးပြုနေကြသေးသည်။ ယနေ့ ဘုရားသခင့် ပညတ်တော်၏  ဆိုလိုရင်းများကို  ဤတစ်နိုင်ငံလုံးတွင်ဖြစ်စေ အခြားတိုင်းနိုင်ငံများတွင်

ဖြစ်စေ ဘုရားသခင် ရေးသားခဲ့သည့်အတိုင်း တိတိကျကျ တင်ပြမည်ဆိုလျှင် ဧဝံဂေလိဟောကြားသော အမှုတော်ဆောင်ဟု မိမိကိုယ်မိမိ ဝန်ခံထားသော အမှုတော်ဆောင်များ ကြက်သီးမွေးညင်းထလောက်အောင် ကန့်ကွက်၊ ဆန့်ကျင်လာကြလိမ့်မည်။ ပညတ်တော်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မဖြောင့်မတ်စေနိုင်ဟု ပြောကြလိမ့်မည်။ "ပညတ်တရားသည် ဒုစရိုက်အပြစ်ကို ထင်ရှားစေသည်ဖြစ်သောကြောင့်၊ ပညတ်တရား၏ အကျင့်အားဖြင့် ဘုရားသခင့်ရှေ့တော်၌ အဘယ်သူမျှ ဖြောင့်မတ်ရာသို့ မရောက်ရာ" "ပညတ်တရားအားဖြင့် ဖြောင့်မတ်ရာသို့ရောက်သမျှသောသင်တို့သည် ခရစ်တော်နှင့်ကွာ၍ ကျေးဇူးတရား၌မတည်၊ ရွေ့လျော့ကြပြီ။" စသောကျမ်းစာထဲမှ ရှာ၍ရသမျှ ဖော်ပြရေးသားချက်အားလုံးကို ရှာထုတ်ကာ ဆန့်ကျင်ကြပါလိမ့်မည်။ "ဒီလိုပညတ်တရားက ဘာအကျိုးရှိလို့လဲ" "ဘာကောင်းကျိုးရှိမှာလဲ။ ဘယ်သူ့ကိုမှလည်း ဖြောင့်မတ်စေနိုင်တာမှ မဟုတ်တာ" ဟုအသံမာမာ စိတ်ဆိုးမာန်ဆိုးဖြင့် ပြောဆိုကြလိမ့်မည်။

အထက်ကဖော်ပြခဲ့သည့် အခြေနေသည် Review & Herald စာစောင်ဖတ်ရှုသော အထောင်အသောင်းသော စာဖတ်သူများ၏ တုန့်ပြန်မှုများပင်ဖြစ်သည်။ အထူးသဖြင့် တတိယကောင်းကင်တမန်၏ သတင်းစကားကို ဟောကြားသော၊ ယေရှု၏ ယုံကြည်ခြင်းနှင့် ဘုရားသခင်၏ ပညတ်တော်ကို စောင့်ရှောက်ရန် တိုက်တွန်းနှိုးဆော်သော ဧဝံဂေလိဆရာများအနေဖြင့် ထိုအခြေနေမျိုးနှင့် လုံးလုံးရင်းနှီးနေကြရသည်။

သိရန်အရေးကြီးသောအချက်မှာ ရှေးဦးအချိန်များတွင် ထိုသို့ မေးခွန်းထုတ်တတ်ကြသူများသည် မယုံကြည်သူများမဟုတ်ဘဲ၊ ယုံကြည်သူဟု ခံယူထားသော ဖာရိရှဲများပင်ဖြစ်သည်။ ထိုသို့ မေးခွန်းထုတ်ကြသူများသည် မိမိ၏ကြိုးစာမှုဖြင့် ဖြောင့်မတ်ခြင်း ရရှိနိုင်မည် မဟုတ်ကြောင်း သိသူများ ဖြောင့်မတ်ခြင်းကို တောင့်တသော အပြစ်သားများ မဟုတ်ခဲ့ကြချေ။ ထိုသို့ မေးခွန်းထုတ်ကြသူများမှာ ဘုရားသခင်အ

ကြောင်း၊ ဖြောင့်မတ်ခြင်းတရားအကြောင်း သိပါသည်ဟု မိမိကိုယ်ကိုယ် ဝန်ခံထားလျက် ဖြောင့်မတ်ခြင်းတရားသည် လူတို့၏ကောင်းမြတ်မှု၊ ကြိုးစားအားထုတ်မှုဖြင့်သော ရရှိနိုင်သည်ဟု ခံယူထားကြသူများသာဖြစ်သည်။ ယနေ့ခေတ်အချိန်တွင်လည်း ထို့အတူပင်ဖြစ်ပျက်နေပါသည်။

ထို့ကြောင့် "ပညတ်တရားသည် အဘယ်ကျေးဇူးရှိသနည်း"ဟူသော မေးခွန်းသည် ယနေ့ခေတ်အတွက် အမှန်တရားဖြစ်နေသကဲ့သို့ ထာဝရနဲ့ဆိုင်သော အမှန်တရားဖြစ်နေပါလိမ့်မည်။ ကြိုးစားမှုဖြင့် ဖြောင့်မတ်ခြင်းရရှိသည်ဟု ခံယူထားသူအတွက် ထိုမေးခွန်းသည် ဘုရားသခင့် ပညတ်တော်သည် အကျိုးကျေးဇူးတစ်ခုမျှမရှိဟု ပြန်လည်ချေပရန် လုံလောက်သော မေးခွန်ဖြစ်ဟန်ရှိသည်။ ဖြောင့်မတ်ခြင်းသည် ကြိုးစားထုတ်မှု သက်သက်ဖြင့်သာ ရရှိနိုင်သည်ဟု ခံယူထားသူအဖို့ "ပညတ်တော်သည် အဘယ်ကျေျူးဇူးရှိသနည်း" ဟူသော မေးခွန်းသည် ပညတ်တော်ကို ဆန့်ကျင့်ဖြုတ်ချခြင်းပင်။ သူ့စိတ်ထဲတွင် ပညတ်တော်သည် အပြစ်သား(သို့) ပညတ်ချိုးဖောက်သူကို ဖြောင့်မတ်ခြင်း မရရှိစေနိုင်လျှင်၊ ထိုပညတ်သည် အကျိုးတစ်စုံတစ်ရာ မရှိဟု ယူဆထားသောကြောင့်ဖြစ်သည်။

ယုံကြည်ခြင်းကြောင့် ဖြောင့်မတ်ခြင်းဟူသော အမှန်တရားကို သိထားသူသည် ဖြောင့်မတ်ခြင်းမပေးနိုင်သော်လည်း၊ ပညတ်တော်၏ အခြားသော အသုံးဝင်ပုံ အမြောက်အများရှိနေသေးကြောင်း ရိုးရှင်းပြည့်ဝစွာ ကောင်းကောင်းနားလည်ထားသူ ဖြစ်ပါသည်။ ထိုကြောင့် ဤမေးခွန်းအတွက် အဖြေရှိနေပါသေးသည်။

"ပညတ်တော်သည် အဘယ်ကျေးဇူးရှိသနည်း။" အဖြေမှာ -

၁။ ပညတ်တော်အားဖြင့် အပြစ်တရားကို သိနိုင်၏။ (ရောမ ၃း ၂၀)
"အပြစ်တရားသည် မိမိသဘောကို ထင်ရှားစေခြင်းငှာ" (ရောမ ၇: ၁၃)
အပြစ်တရား၏ ဆိုးသွမ်းယုတ်မာမှုကို လူသားတို့သည် သိမြင်လာ၍

ဘုရားသခင်၏ သားတော်အားဖြင့် ပေးသနားတော်မူသော ကယ်တင်ခြင်းဆုကျေး ဇူးကို နားလည်တန်ဖိုးထားတတ်စေရန် ပညတ်တော်က ကူညီပေးသည်။

အခြားတစ်နေရာတွင် ဤသို့တွေ့ရသည်။ "ထိုမှတစ်ပါး၊ ပညတ်တရားသည် တစ် ဖန်ဝင်သဖြင့် ပြစ်မှားသောအပြစ်ပွားများ၏။ သို့သော်လည်း အပြစ်ပွားများသည် အရာမှာ ကျေးဇူးတော်သာ၍ ကြွယ်ဝ၏။ ထိုသို့ဖြစ်လျှင်၊ အပြစ်တရားသည် သေ ခြင်းအားဖြင့် အစိုးရသည်နည်းတူ၊ ငါတို့သခင်ယေရှုခရစ်အားဖြင့် ပြုစုတော်မူ၍ ကျေးဇူးတရားသည် ထာဝရအသက်နှင့်ယှဉ်သော ဖြောင့်မတ်ရာသို့သွင်းခြင်းအား ဖြင့် အစိုးရလေအံ့သတည်း။" (ရောမ ၃း ၂၁,၂၂)

၂။ ပညတ်တော်အားဖြင့် မိမိအပြစ်၏ ဆိုးယုတ်မှုကို နားလည်လာကာ အပြစ်တရား မှ သူ့ကို ကယ်တင်မည့် ကြီးမြတ်သော ကယ်တင်ခြင်းတရားနှင့်  သူအထဲ၌ အပြစ် တရား၏ တန်ခိုးအားလုံးကို ခုခံနိုင်မည့်  စုံလင်သော ဖြောင့်မတ်ခြင်းတရားကို ယေ ရှု၌ တွေ့မြင်လာပြီးနောက်ပိုင်းတွင် အပြစ်သားသည် ပညတ်တရားကြောင့်မဟုတ် ဘဲ သူရရှိသော ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားအကြောင်းကို ပညတ်တရား က သက်သေခံပေးပါသည်။ ဤကား ပညတ်တရား၏ ဒုတိယအသုံးဝင်ပုံဖြစ်သည်။ "ထိုသို့ ပညတ်တရားသည် ဒုစရိုက်အပြစ်ကို ထင်ရှားစေသည်ဖြစ်သောကြောင့်၊ ပ ညတ်တရား၏ အကျင့်အားဖြင့်  ဘုရားသခင့် ရှေ့တော် ၌ အဘယ်သူမျှ ဖြောင့်မတ် ရာသို့ မရောက်နိုင်။ ယခုမူကား ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းတို့သည် သက်သေ ခံသည်နှင့်အညီ၊ ပညတ်တရားနှင့် မစပ်ဆိုင်သော ဘုရားသခင်၏ ဖြောင့်မတ်ခြင်း တရားတည်းဟူသော၊ ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့် ယုံကြည်သောသူအ ပေါင်းတို့အဖို့ဖြစ်၍ ထိုသူအပေါင်းတို့အပေါ်သို့ရောက်သော ဘုရားသခင်၏ ဖြောင့် မတ်ခြင်းတရားသည် ထင်ရှားခဲ့ပြီ။" (ရောမ ၃း ၂၀-၂၂)

အထက်ပါအချက်များသည် ပညတ်တရား၏ အကျိုးကျေးဇူးများဖြစ်သည်။

# ကိုယ်ကျင့်တရားပညတ်တော်နှင့် ပွဲတော်ပညတ်များ (ဂလာတိ ၃း ၁၉)

Review and Herald, Feb 13, 1900

"ပညတ်တော်သည် အဘယ်ကျေးဇူးရှိသနည်း" (ဂလာတိ ၃း ၁၉)

ပညတ်တော်သည် မေးခွန်းများ၏ အဓိကအချက်ဖြစ်သော်လည်း ယုံကြည်ပါသည်ဟုဆိုသော ဖာရိရှဲများ၏ မေးခွန်းသည် ဘုရားသခင်၏ ပညတ်တော်အကြောင်းတစ်ခုသာမဟုတ်ပါ။ ဤဂလာတိကျမ်း လေ့လာရာတွင် အစပိုင်းတွင် တွေ့ရသည့်အတိုင်း သူတို့မေးခွန်းထုတ်သောအရာသည် ဘုရားသခင်ကိုယ်တော်တိုင် ချပေးခဲ့သော ကိုယ်ကျင့်တရားဆိုင်ရာ ပညတ်သာမက ပွဲတော်ပညတ်များလည်းပါဝင်ကြောင်း ကျွန်ုပ်တို့တွေ့ရသည်။ ဖာရိရှဲတို့၏ အမှုတော်ဆောင်ရွက်ချက်များသည် ပညတ်တော်ကြောင့်သာ ဆောင်ရွက်ကြသောကြောင့် ဖြောင့်မတ်ခြင်းနှင့်ပတ်သက်လာလျှင် ပညတ်တော်ကိုသာ တွေးလာကြကာ၊ ကယ်တင်ရှင်နှင့်ပတ်သက်လာလျှင် ကြိုးစားလုပ်ဆောင်ချက်ကိုသာ တွေးမိကြတော့သည်။

ထိုကြောင့် ယုံကြည်သူအဖြစ် ခံယူထားသော ဖာရိရှဲများ၏ မေးခွန်းမှာ - ထိုသို့ဖြစ်လျှင် လေဝိအမျိုးနှင့်ဆိုင်သော ပညတ်သည် အဘယ်ကျေးဇူးရှိသနည်း။ ယဇ်ပူဇော်ခြင်း ပညတ်သည် အဘယ်ကျေးဇူးရှိသနည်း။ အရေဖျားလှီးခြင်းသည် အဘယ်ကျေးဇူးရှိသနည်း။ ကယ်တင်ခြင်းကို ဤအရာများအားဖြင့် မရရှိနိုင်သည်မှန်လျှင် ဤအရာအားလုံးသည် အဘယ်ကျေးဇူးရှိမည်နည်း။ ထိုအရာများနှင့်ပတ်သက်၍ သူတို့၌ရှိသော တစ်ခုတည်းသောအတွေးခေါ် ဖြစ်သည်။

လေဝိအမျိုးနှင့်ဆိုင်သော ယဇ်ပရောဟိတ်အမှုဆောင်ရွက်ခြင်းအားဖြင့် စုံလင်ခြင်းကို သူတို့မျှော်လင့်ခဲ့ကြသည်။ အရေဖျားလှီးခြင်းဖြစ်စေ အခြားဘုရားသခင်ပေး

သော အရာအားလုံးမှ စုံလင်ခြင်းကို မျှော်လင့်ခဲ့ကြသည်။ ထိုအရာများသည် အသုံးဝင်ပုံ၊ အကျိုးကျေးဇူးမှာ ဖြောင့်မတ်ခြင်း၊ ကယ်တင်ခြင်းစသောအရာများသည် ထိုအရာများကို လုပ်ဆောင်ခြင်းမှလာသည်ဟု သူတို့ယူဆခဲ့ကြသည်။ ဖြောင့်မတ်ခြင်းသည် ထိုပွဲတော်ဆိုင်ရာ ပညတ်များဖြစ်စေ ကိုယ်ကျင့်တရားဆိုင်ရာပညတ်များဖြစ်စေ၊ ဘုရားသခင်ချပေးခဲ့သော ပညတ်အားလုံးကြောင့်ဖြစ်စေ ရရှိနိုင်သောအရာမဟုတ်ပါ။ ဖြောင့်မတ်ခြင်းသည် အစဉ်အမြဲ ယုံကြည်ခြင်းအားဖြင့်သာ ရရှိနိုင်သောအရာ ဖြစ်သည်။ ဘုရားသခင် ချပေးခဲ့သော ယဇ်ပူဇော်ခြင်း၊ ပွဲတော်များဆိုင်ရာပညတ်ချက်များ အစရှိသောအားလုံးသော ပညတ်ချက်များက လိုက်လျှောက်ကျင့်သုံးသူ၏ ယုံကြည်ခြင်းကို ထင်ရှားစေ၏။ ယဇ်ပူဇော်ခြင်းအလုံးစုံတို့သည်လည်း ဘုရားသခင် ပြုလုပ်ပေးခဲ့သော ကြီးမြတ်သော ပူဇော်ခြင်းအပေါ် သူတို့၌ရှိနှင့်ပြီးသော ယုံကြည်ခြင်းကို ထင်ရှားစေသောအရာသာဖြစ်သည်။

ယနေ့ခေတ်တွင်လည်း စစ်မှန်သော ဧဝံဂေလိသတင်းစကားကို မုန်းသော ထောင်နဲ့ချီသော၊ "ယုံကြည်သူဟု ခံယူသူ ဖာရိရှဲများက" ထိုအကြောင်းရင်းများကြောင့် ထိုမေးခွန်းများကို မေးမြန်းကြတုန်းဖြစ်သည်။ ထို့ကြောင့် "ပညတ်တော်သည် အဘယ်ကျေးဇူးရှိသနည်း" ဟူသော မေးခွန်းသည် ယနေ့ထက်တိုင် ရှင်သန်နေ၏။ ထိုမေးခွန်းသည် "ယုံကြည်ခြင်းကြောင့် ဖြောင့်မတ်ခြင်း"ဟူသော သတင်းစကား ဟောကြားရာနေရာတိုင်းတွင် ရှင်သန်နေလိမ့်မည်။

"ပညတ်တော်သည် အဘယ်ကျေးဇူးရှိသနည်း"ဟူသော မေးခွန်းသည် ယနေ့ထက်တိုင်၊ အမြဲ ရှင်သန်နေရသည့် အခြားအကြောင်းရင်းကြီးတစ်ခု ရှိပါသေးသည်။ ယေရှုနာမ၌ အမှန်တရားနှင့်ပတ်သက်၍ အရှိကိုအရှိတိုင်း မေးခွန်းထုတ်မေးမြန်းခြင်းသည် ကောင်းသောမေးခွန်းဖြစ်ပါသည်။ ရှေးကာလသရေလများအချိန်ခါတွင်မူ ဘုရားသခင်အကြောင်း သင်ယူသူများအဖို့ အဖိုးတန်အမှန်တရား၊ များပြားသော သွန်သင်ချက်များနှင့် ကြီးမားသော အလင်းတော်တို့ စုံလင်ပေါများစွာ ရှိနေခဲ့သည်။ လိုအပ်

သော အမှန်တရား ရှေးဣသရေလတို့အတွက် ပြည့်စုံစွာရှိနေခဲ့၏။ သို့သော်လည်း ဇာတိပကတိစိတ်သဘောနှင့် မိမိကိုယ်မိမိ ဖြောင့်မတ်သည်ဟု ထင်မြင်သော စိတ်သဘောတို့ကြောင့် သမ္မာတရားကို သူတို့နားမလည်ခဲ့ကြချေ။ ရှေးဣသရေလတို့နားမလည်ခဲ့သလိုပင် ယနေ့ယုံကြည်သူများကလည်း နားမလည်ကြချေ။ ရှေးဣသရေလတို့ မတွေ့ရှိကြသော်လည်း ထိုစဉ်ကလူသားများအတွက်ဖြစ်သကဲ့သို့ ယနေ့ခေတ်လူသားများအတွက်လည်း ဖြစ်နေသေးသော ကြွယ်ဝသော အမှန်တရားကို လျစ်လျူရှုကာ ငြင်းပယ်ကြ၏။ နောက်ဆုံးသောအချိန်ကာလတွင် အသက်ရှင်သော လူသားများအတွက် ရေးထားသည်မှာ “ဣသရေလအမျိုးသားအပေါင်းတို့အဖို့ ဟောရပ်အရပ်၌ ငါမှာထားသော ငါ့ကျွန်မောရှေ၏ တရားတည်းဟူသော စီရင်ထုံးဖွဲ့ချက်တို့ကို အောက်မေ့ကြလော့။” (မာလခိ ၄း ၄) “စုံလင်သော အမှန်တရားကို ပြည့်စုံစွာ အရှိကိုအရှိတိုင်း လက်ခံသော ခရစ်ယာန်များအနေဖြင့် သမ္မာကျမ်းစာထဲရှိ သမိုင်းကြောင်းကို အရှိကိုအရှိ အမှန်တရားအတိုင်း ဖတ်ရှုကြလိမ့်မည်။ မထီမဲ့မြင်ပြုခံရသော၊ အမှောင်ခေတ်ဟု သရော်ခံရသော ဂျူးသမိုင်း အစမှအဆုံးထိ သမိုင်းကြောင်းတစ်ခုလုံးကို လေ့လာသွားလျှင် အလင်းတရားများ ထပ်ကာထပ်ကာ တွေ့ရှိနိုင်မည်ဖြစ်သည်။”

လေဝိအမျိုးနှင့်ဆိုင်သော ယဇ်ပူဇော်ခြင်း၊ ပေးကမ်းခြင်း၊ သားကောင်ပူဇော်ခြင်း၊ အပြစ်အတွက်ပူဇော်ခြင်း၊ တဲတော်နှင့် တဲတော်နဲ့ဆိုင်သော “ပညတ်ချက်များသည် အဘယ်ကျေးဇူးရှိသနည်း”။ ထိုအရာများသည် သူတို့၌ရှိနှင့်နေပြီးသော ယုံကြည်ခြင်းကို ထင်ရှားဖော်ပြရန် နည်းလမ်းအဖြစ် ဘုရားသခင်ညွှန်ကြားထားခဲ့သော အရာများသာဖြစ်သည်။ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းသည် ပညတ်ချက်တစ်စုံ တစ်ခု၏ ပယောဂမပါဘဲ သူတို့အတွက် ပေးထားပြီးသားဖြစ်သည်။ လေဝိအမျိုးနှင့်ဆိုင်သော ယဇ်ပရောဟိတ်ပြုခြင်းသည် ထိုထက်ကြီးမြတ်သော ဘုရားသခင့်သားတော်ဆောင်ရွက်သည့် ယဇ်ပုရောဟိတ်အမှု၌ ယုံကြည်ကြောင်းပြသရာ နည်းလမ်းတစ်ခု

သာဖြစ်သည်။ "ထာဝရဘုရားက ... ငါ၏သခင်အား မိန့်တော်မူသည်ကား ... မေလ ခိဇေဒက်နည်းတူ ထာဝရယဇ်ပုရောဟိတ်ဖြစ်သည်" ဟုကျမ်းစာ၌ ရေးသားထား၏။ ဤလောက၌ ပြုရသော တဲတော်နှင့် ယဇ်ပုရောဟိတ်ဆိုင်ရာ ကိစ္စအဝဝတို့သည် ကောင်းကင်၌ရှိသော ဗိမာန်တော်၌ပြုရသော ယဇ်ပုရောဟိတ်အမှုအဝဝတို့အပေါ် ယုံကြည်ခံယူကြောင်း ပြသရာ နည်းလမ်းများသာဖြစ်သည်။ "ယခုဆိုခဲ့ပြီးသော အကြောင်းအရာတို့၏ အချုပ်အချာဟူမူကား၊ ထိုသို့သော ယဇ်ပုဟိတ်မင်းသည် ငါတို့၌ရှိ၏။ ကောင်းကင်ဘုံ၌ တန်ခိုးအာနုဘော်တော်၏ ပလ္လင်လက်ယာဘက်မှာ ထိုင်နေတော်မူ၏။ လူမဆောက်ဘဲ ထာဝရဘုရားဆောက်တော်မူသော တဲတော်စစ်တည်းဟူသော သန့်ရှင်းရာဌာန၌ ဘုရားဝတ်ပြုသောသူဖြစ်တော်မူ၏။" (ဟေဗြဲ ၈း ၁,၂)

ယခုဖော်ပြထားသော အချက်များသည် ဝတ်ပြုရာကျမ်းအချိန်တွင် လူများထံပေးထားသော သွန်သင်ချက်များဖြစ်သည်။ ဝတ်ပြုရာကျမ်း ၄း ၁၃-၂၀တွင် ဖော်ပြထားသည်မှာ "ဣသရေလအမျိုးသားအပေါင်းတို့သည် တရားကိုမသိ၊ အကျိုးအပြစ်ကို မရိပ်မိဘဲ၊ ထာဝရဘုရား၏ ပညတ်တော်ကို လွန်ကျူးပြစ်မှား၍ မပြုအပ်သောအမှုကို ပြုမိသဖြင့် အပြစ်ရောက်လျှင်၊ ထိုသို့ပြစ်မှားမိသောအပြစ်ကို သိသောအခါ၊ ထိုအပြစ်အတွက် ပရိတ်သတ်တို့သည် အသက်ပျိုသောနွားထီးကို၊ ပရိတ်သတ်စည်းဝေးရာတဲတော်ရှေ့သို့ ဆောင်ခဲ့၍ဆက်ရမည်။ ပရိတ်သတ်တွင် အသက်ကြီးသောသူတို့သည်၊ ထာဝရဘုရားရှေ့တော်၌ မိမိတို့လက်ကို နွားခေါင်းပေါ်မှာတင်၍ ထိုနွားကို ရှေ့တော်၌ သတ်ရကြမည်။ ဘိသိက်ခံသော ယဇ်ပုရောဟိတ်သည် နွားအသွေးကို ပရိတ်သတ်စည်းဝေးရာ တဲတော်သို့ဆောင်ခဲ့ပြီးလျှင်၊ မိမိလက်ညှိုးကို အသွေး၌နှစ်၍၊ ကုလားကာရှေ့ ထာဝရဘုရားရှေ့တော်၌ ခုနစ်ကြိမ်ဖျန်းရမည်။ တစ်ဖန် ယဇ်ပုရောဟိတ်သည် ပရိတ်သတ်စည်းဝေးရာ တဲတော်အတွင်း၊ ထာဝရဘုရားရှေ့တော်မှာရှိသော ပလ္လင်ဦးချိုတို့၌ အသွေးကိုထည့်၍ ကြွင်းသောအသွေးကို ပရိတ်သတ်စည်းဝေးရာ တဲတော်တံခါးရှေ၌ရှိသော မီးရှို့ရာယဇ်ပလ္လင်ခြေရင်းနားမှာ သွန်ရမည်

နွားဆီဥရှိသမျှကို ယူ၍ယဇ်ပလ္လင်ပေါ်မှာ မီးရှို့ရမည်။ အပြစ်ဖြေရာယဇ်ပြုသော နွားကိုပြုသကဲ့သို့ ထိုနည်းတူ ဤနွားကိုပြုသဖြင့်, ယဇ်ပုရောဟိတ်သည် လူများတို့အဖို့ အပြစ်ဖြေခြင်းကိုပြုလျှင် သူတို့အပြစ်လွတ်လိမ့်မည်။ ထိုနောက်မှ နွားကိုတပ်ပြင်သို့ဆောင်သွား၍ အရင်နွားကို မီးရှို့သကဲ့သို့ ရှို့ရမည်။ ပရိတ်သတ်အဖို့ အပြစ်ဖြေရာယဇ်ဖြစ်သတည်း။

ဘုရားသခင်၏ ပညတ်တော်ရှိ၏။ ထိုပညတ်တော်အားဖြင့် အပြစ်တရားကို သိကျွမ်းနိုင်၏။ ထိုပညတ်တော်အားဖြင့် အပြစ်ရှိကြောင်းကို သိနိုင်၏။ ထို့နောက် ယဇ်ပူဇော်ခြင်းရှိ၏။ အပြစ်ကိုဝန်ချတောင်းပန်၍ အပြစ်ကို ယဇ်ကောင်အပေါ် အစားထိုး ပုံချရ၏။ ယဇ်ကောင်ကိုသတ်ကာ အသွေးကို ပူဇော်ရ၏။ ထိုနည်းအားဖြင့် အပြစ်ဖြေရာယဇ်ဖြစ်သွား၍ အပြစ်ဖြေလွတ်ခြင်း ခံရကြသည်။ ပညတ်တရားကြောင့် အပြစ်တရားကို သိနိုင်ရာ ဧဝံဂေလိတရားတည်းဟူသော ယဇ်ပူဇော်ခြင်းအားဖြင့် အပြစ်ဖြေလွတ်ခြင်းကို ခံရကာ ဘုရားသခင်နှင့် ပြန်လည်မိတ်သဟာယဖွဲ့ခြင်းအခွင့်ရ၏။

သို့သော်လည်း "နွား၊ဆိတ်တို့၏ အသွေးသည် အပြစ်ကိုမပယ်နိုင်ရာ" (ဟေဗြဲ ၁၀း ၄) ထိုသို့ဖြစ်လျှင် ပညတ်၊တဲတော်အမှု၊ ဝတ်ပြုရာအမှု၊ ပွဲတော်တို့သည် အဘယ်ကျေးဇူးရှိသနည်း။ "ထိုတဲတော်ကား၊ ပူဇော်သကာနှင့်ယဇ်များကို ပူဇော်သော ကာလပတ်လုံး ပုံပမာဖြစ်၏။ ထိုပူဇော်သကာနှင့် ယဇ်များတို့သည် ကိုယ်ကိုကိုယ် သိသောစိတ်ကိုထောင်လျှင်လည်း ဝတ်ပြုသောသူအား စုံလင်ခြင်းအကျိုးကို မပေးနိုင်သည်ဖြစ်၍ စားစရာ၊ သောက်စရာ၊ အမျိုးမျိုးသော နှစ်စရာတည်းဟူသော ကိုယ်ခန္ဓာနှင့်ဆိုင်သော အထုံးအဖွဲ့များနှင့်တကွ အသစ်ပြုပြင်ခြင်း ကာလတိုင်ရုံမျှသာတည်ရကြ၏။" ယခုမှာ လူလက်ဖြင့်မလုပ်၊ ဤလောကဓာတ် နှင့် မစပ်ဆိုင်၊ သာ၍ကြီးမြတ်စုံလင်သော တဲတော်၌ နောက်မင်္ဂလာအကျိုးတို့ ယဇ် ပုရောဟိတ်မင်းဖြစ်သော ခရစ်တော်သည် ငါတို့အဖို့ထာဝရရွေးနုတ်ခြင်း ကျေးဇူး ကိုခံရ၍ ဆိတ်

အသွေး၊ နွားကလေးအသွေးနှင့် မဟုတ်၊ မိမိအသွေးတော်နှင့် သန့်ရှင်းရာဌာနထဲသို့ တစ်ခါတည်း ဝင်တော်မူ၏။ (ဟေဗြဲ ၉း ၉-၁၂)

ယနေ့ အေဒီ ၁၉၀၀အချိန်ခါတွင် ခရစ်တော်နှင့် ခရစ်တော်အထဲ၌ ထိုအရိပ်များအားလုံး၏ အကောင်ထည်ကို ကျွန်ုပ်တို့ရရှိပြီး ဖြစ်သည်။ ကောင်းကင်၌ ပညတ်တော်ထားရာ သေတ္တာရှိ၏။ အထဲ၌ ပညတ်တော်ရှိ၏။ ထိုပညတ်တော်အားဖြင့် အပြစ်တရားကို သိနိုင်၏။ ယေရှုခရစ်၏ မိမိကိုယ်မိမိ ယဇ်ကောင်အဖြစ်ပူဇော်ကာ၊ ယဇ်ပုရောဟိတ်အမှုဆောင်ရွက်၍ မိမိအသွေးကို ကောင်းကင်ဗိမာန်တော်၌ ဆက်ကပ်ခြင်းအားဖြင့် ယုံကြည်သူအားလုံးနှင့် ကျွန်ုပ်တို့၏ ကြားဖျန်ဖြေခြင်း ခရစ်တော်၌ ဖြောင့်မတ်ခြင်းဖြင့် ဘုရားသခင်နှင့် တလုံးတဝတည်းဖြစ်လာခြင်းဖြင့် အပြစ်ဖြေလွှတ်ခြင်း ရှိလာသည်။

ခရစ်တော်မတိုင်မှီနှင့် ခရစ်တော်နောက်ပိုင်း အချိန်ကာလ၏ တစ်ခုတည်းသော ခြားနားချက်မှာ ခရစ်တော်မတိုင်မှီတွင် ယေရှုကြွလာမည်မှန်သော်လည်း ကြွလာကာ မိမိကိုယ်မိမိ မပူဇော်ရသေးသည်ဖြစ်၍ သူ့ကြွလာခြင်းနှင့် မိမိကိုယ်မိမိ စွန့်လွှတ်ပူဇော်ခြင်းအပေါ် ယုံကြည်ကြောင်း ပြသရန် ထိုနည်းသာ ရှိခဲ့သောကြောင့်ဖြစ်သည်။ ယခုအချိန်တွင်မူ သူကြွလာကာ မိမိကိုယ်မိမိစွန့်လွှတ်ပူဇော်ပြီး၊ ယဇ်ပုရောဟိတ်မင်းအဖြစ် ကျွန်ုပ်တို့အပြစ်အတွက် ကြားဖျန်ဖြေခြင်းအမှုကို ဆောင်ရွက်နေသည်ဖြစ်သည်။ ယခုတွင်မူ ကျွန်ုပ်တို့အတွက် ပူဇော်ခဲ့ပြီးဖြစ်သော အသွေးတော်နှင့် ခန္ဓာတော်ကိုပုံဆောင်သော မုန့်နှင့်စပျစ်ရည်အားဖြင့် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို ပြသကြရသည်။ ယခုချိန်တွင် ဤလောက၌ ယဇ်ပူဇော်ခြင်း၊ ယဇ်ပုရောဟိတ်အမှုတို့ကို ဆက်လက်ပြုနေလျှင် ကျွန်ုပ်တို့အတွက် ပူဇော်ခဲ့ပြီးသော စစ်မှန်သော ယဇ်ကောင်ဖြစ်သော ခရစ်တော်ကို ငြင်းပယ်ရာရောက်နေပေလိမ့်မည်။

ထို့ကြောင့် ဣသရေလတို့၌ ပေးထားသော ကိုယ်ကျင့်တရားဆိုင်ရာ ပညတ်ချက်များနှင့် ပွဲတော်ဆိုင်ရာ ပညတ်ချက်များ၊ ပညတ်ချက်အားလုံးကို ပညာရှိရှိ အသုံးပြုတတ်ရန်ဖြစ်သည်။ ထို့ကြောင့် ပညတ်တော်အားဖြင့် သို့မဟုတ် ပညတ်တရားအားလုံးအားဖြင့် ဖြောင့်မတ်ခြင်းတရားလာသည်မဟုတ်ဘဲ ဖြောင့်မတ်ခြင်းသည် အစဉ်အမြဲ ယုံကြည်ခြင်းအားဖြင့်သာ လာ၏။

ဤတင်ပြချက်များသည် ပွဲတော်များနှင့်ဆိုင်သော ပညတ်ချက်များ၏ အသုံးဝင်ပုံဖြစ်ပါသည်။ ဤအကြောင်းအရာကို သေသေချာချာ ဂဃနဏလေ့လာရာတွင် ဂလာတိကျမ်းတွင် ရောမသြဝါဒစာစောင်နှင့် ဟေဗြဲကျမ်းတို့ ပြည့်စုံသွားသည်ဟု ကျွန်တော်တို့ လုံးလုံးခံယူထားပါသည်။ ဂလာတိကျမ်းသည် ရောမကျမ်းနှင့် ဟေဗြဲကျမ်းတို့ မတိုင်မီ ရေးသားထားသောကျမ်းဖြစ်သည်။ အငြင်းပွားမှုဖြစ်ပေါ်စေလျက် ဂလာတိရှိ ခရစ်ယာန်များကို ကိုယ်ကျင့်တရားနှင့် ပွဲတော်ပညတ်များအကြောင်းဖြင့် စိတ်ရှုတ်ထွေးစေခဲ့သော ယုံကြည်သူ ဖာရိရှဲတို့ကြောင့် ဂလာတိကျမ်းတွင် ထိုပညတ် နှစ်ခုလုံး၏ အခြေခံ ခံယူချက်များအကြောင်း ရေးသားထား၏။ ထို့နောက် ရောမကျမ်းကို ရေးသားကာ ယုံကြည်ခြင်းဖြင့် ဖြောင့်မတ်ခြင်းဟူသော ကိုယ်ကျင့်တရားပညတ်အကြောင်းများပါသည့် ဂလာတိကျမ်းအပိုင်းများကို ပိုမိုပြည့်စုံ ခိုင်ခံ့စွာ ရေးသားခဲ့သည်။ ထို့နောက် ယုံကြည်ခြင်းဖြင့် ဖြောင့်မတ်ခြင်းတည်းဟူသော ဂလာတိကျမ်းရှိ ပွဲတော်ပညတ်(ceremonial law)များပါသည့်အပိုင်းများကို ပိုမိုပြည့်စုံခိုင်ခံ့စွာ ရေးသားခဲ့သည်။ အကြောင်းအရာတစ်ခုလုံးကို ထပ်ခါထပ်ခါ လေ့လာမှုပြုပြီးနောက် ဂလာတိသြဝါဒစာစောင်ထဲတွင် ရောမသြဝါဒစာနှင့် ဟေဗြဲသြဝါဒစာတို့ ရှင်းလင်းနားလည်သွားနိုင်ကြောင်းတွေ့ရသည်။

**ပညတ်တော်ချိုးဖောက်မှုကြောင့် ပေးထားသည်** (ဂလာတိ ၃း ၁၉) review and Herald, Feb 20. 1900

"ပညတ်တရားသည် အဘယ်အကျိုးရှိသနည်းဟူမူကား၊ ကတိတော်ကိုခံသော အမျိုးအနွယ်မဖြစ်မှီတိုင်အောင်၊ ဒုစရိုက်များကြောင့် ထိုတရားကို ထပ်၍ပေးတော်မူ၏။" (ဂလာတိ ၃း ၁၉)

"**ထပ်၍**" (add) ဟုဘာသာပြန်ထားသော စကားလုံးသည် ဂရိဘာသာတွင် ဟေဗြဲ ၁၂း ၁၉ တွင်တွေ့ရသော သိနာတောင်ပေါ်မှ ဘုရားသခင်၏ စကားသံတော်ကို ရည်ညွှန်း၍ "**မိန့်တော်မူသည်**"(spoken) ဟု ဘာသာပြန်ထားသော စကားလုံးနှင့် အတူတူပင်ဖြစ်သည်။ "ထိုအသံကိုကြားသော သူတို့သည် ထပ်၍ မိန့်တော်မမူမည်အကြောင်း တောင်းပန်ကြ၏။" ထိုစကားလုံးကိုပင် တရားဟောရာကျမ်း ၅း ၂၂ တွင် "**ထပ်၍**" (added) ဟု ဝါကျတွင် ဘာသာပြန်ထားသည်ကို တွေ့ရသည်။ "ထိုစကားတော်ကို ထာဝရဘုရားသည် တောင်ပေါ်မှာမီး၊ မိုးတိမ်၊ ထူထပ်သောမှောင်မိုက်ထဲက ကြီးစွာသောအသံနှင့် သင်တို့စည်းဝေးရာ ပရိတ်သတ်အပေါင်းတို့အား မိန့်မြွက်တော်မူ၏။ **ထပ်၍** (**မိန့်မြွက်**)တော်မမူ။"

ဟေဗြဲဩဝါဒကျမ်းနှင့် တရားဟောရာကျမ်းနှစ်ခုလုံးတွင် ထိုစကားလုံးကို ပညတ်တော်ဆယ်ပါးဖြစ်သော ဘုရားသခင်၏ ပညတ်တော်ကို ပေးရာတွင် တိုက်ရိုက်အနက်ဖြင့် ဘာသာပြန်ထားသည်။ ထို့ကြောင့် ဂလာတိကျမ်း၌တွေ့ရသော ဤကျမ်းပိုဒ်၌ ပြောချင်သော ပညတ်တော်သည် ထိုကျမ်းတို့တွင်တွေ့ရသော ပညတ်တော်နှင့် အတူပင်ဖြစ်ဟန်ရှိသည်။ ကျမ်းပိုဒ်အဆက်တွင် ထပ်၍ အတည်ပြုထားသည်မှာ ထိုပညတ်တော်သည် "အာမခံ၏ လက်၌ထားတော်မူ၏။" ယခုတွင်မူ ဘုရားသခင်နှင့် လူသားအကြားတွင် လူသားဖြစ်သော ယေရှုခရစ်တည်းဟူသော အာမခံ တစ်ဦးသာရှိသည်ဖြစ်၍ ထိုပညတ်တော်ကို ခရစ်တော်၏ လက်ထဲတွင် အပ်ထားကြောင်း သေ

ချာပါသည်။ တရားဟောရာကျမ်း ၅း ၂၂နှင့် ဟေဗြဲ ၁၂း ၂၀ ၌တွေ့ရသော အကြောင်း အရာကိုပင် တရားဟောရာကျမ်း ၃၃း ၂တွင် ရေးထားသည်မှာ "ထာဝရဘုရားသည် သိနာတောင်ပေါ်က ကြွတော်မူ၏။ စိရအရပ်မှ ထိုလူတို့အား နေထွက်တော်မူ၏။ ပါ ရန်တောင်ပေါ်က ရောင်ခြည်ထွန်းပတော်မူ၍ သန့်ရှင်းသောသူ အထောင်အသောင်း တို့နှင့်အတူ ကြွတော်မူ၍ ဓမ္မမီးသည် ဣသရေလလူတို့အဖို့ လက်ယာတော်လက်မှ ထွက်တော်မူ၏။ " (JBMLE)

ပညတ်တော်ဆယ်ပါးကို ဘုရားသခင့်လက်တော်နှင့် ကိုယ်တိုင်ရေးတော်မူသည်သာ မက ဘုရားသခင်ပြုလုပ်ပေးထားသောကျောက်ပြားပေါ်တွင် ရေးထားသည့် ပညတ် တော်ဖြစ်သည်။ လက်ရေးတော်သည်လည်း ဘုရားသခင့် လက်ရေးတော်ဖြစ်၏။ ထိုကျောက်ပြားတို့ကို မောရှေ၏လက်ထဲတွင် ဘုရားသခင့် လက်တော်နှင့် ကမ်းပေး တော်မူ၏။ မောရှေက ထိုပညတ်တော်ကျောက်ပြားကို ပစ်ခွဲခဲ့သော်လည်း အခြား ကျောက်ပြားကို လုပ်စေ၍ ဘုရားသခင် ကိုယ်တော်တိုင်ပြုလုပ်ခဲ့သော ပထမပေး ထားသော ကျောက်ပြားပေါ်တွင် ရေးထားသော ပညတ်တော်အတိုင်းပင် ကိုယ် တော်ထပ်၍ ရေးသားတော်မူ၏။

သို့သော်လည်း အခြားပညတ်များသည် ထိုသို့မဟုတ်ပါ။ ပွဲတော်ပညတ်များဖြစ် သော ယဇ်ပူဇော်ခြင်းဆိုင်ရာ ပညတ်များ၊ ပေးကမ်းခြင်းဆိုင်ရာ ပညတ်များ၊ တဲ တော်ဆိုင်ရာ ပညတ်များနှင့် လေဝိအမျိုးနှင့်ဆိုင်သော ဝိနည်းတစ်ခုလုံးသည်လည်း မောရှေထံ ဘုရားသခင်ချမှတ်ပေးခဲ့သော ပညတ်ချက်များဖြစ်သည်မှာ မှန်ပါသည်။ သို့သော်လည်း ထိုပညတ်များကို ဘုရားသခင်ကိုယ်တော်တိုင် လက်တော်နှင့် မော ရှေထံ ကမ်းမပေးခဲ့ချေ။ ထိုပညတ်များသည် ဘုရားသခင်ကိုယ်တော်တိုင် ပြုလုပ်၊ ရေးသား၍ လက်တော်နှင့် ကမ်းပေးသည့် ပညတ်များ မဟုတ်ပါ။ ဘုရားသခင် ချ မှတ်ခဲ့သော ပညတ်များဖြစ်သော်လည်း ထိုပညတ်အလုံးစုံတို့သည် မောရှေကိုယ် တိုင် လက်ဖြင့်ရေးသားသော ပညတ်များဖြစ်ပါသည်။

ဂလာတိ ၃း ၁၉တွင် တွေ့ရသော “ထပ်၍” (added)ဟူသော အင်္ဂလိပ်စကားလုံးကို ကန့်သတ်အနက်ဖွင့်ကာ ပညတ်အားလုံး၏ အဓိကအကောင်ထည်၌ ထပ်၍ဖြည့်ပေးသည့် အဖြည့်အစိတ်အပိုင်း သက်သက်ဖြင့်ကောက်ကူကာ ပညတ်တော်များသည် အာဗြဟံနှင့် ဘုရားသခင်စပ်ကြားထားရှိသော ပဋိညာဉ်တရား၏ ဖြည့်စွက်အစိတ်ပိုင်းသက်သက်အဖြစ် ခံယူကြတော့သည်။ သို့သော်လည်း ထိုသို့သော ခံယူချက်သည် ရိုးရိုးကလေး မှားနေပါသည်။ ဂလာတိ ၃း ၁၅တွင် “ညီအစ်ကိုတို့၊ လောကီဝေါဟာရအားဖြင့် ငါပြောမည်။ လူသော်လည်း ဝန်ခံစာကိုချုပ်ပြီးမှ အဘယ်သူမျှ မပယ်ရ။ ထင်ဆင့်၍စကားကို မသွင်းရ။”ဟု တွေ့ရသည်။ ထို့ကြောင့် အာဗြဟံနှင့် ဘုရားသခင်စပ်ကြား ပဋိညာဉ်၌ ဖြည့်စွက်သည့်အစိတ်အပိုင်း မဖြစ်နိုင်တော့ပေ။ ထို့ပြင် ဂလာတိ ၃း ၁၅တွင် “ထပ်၍” (adds)ဟု ဂရိဘာသာမှ ဘာသာပြန်ထားသော စကားလုံးနှင့် ဂလာတိ ၃း ၁၉တွင် တွေ့ရသော “ထပ်၍” (added)ဟူသော စကားလုံးတို့၏ မူရင်းဂရိဘာသာ၌အနက် လုံးလုံးမတူကြောင်းတွေ့ရသည်။

ဂလာတိ ၃း ၁၉တွင် တွေ့ရသော ထိုဂရိစကားလုံးကို ဟေဗြဲ ၁၂း ၂၀နှင့် တရားဟောရာကျမ်း ၅း ၂၂တို့တွင်ဖြစ်စေ ကျမ်းစာထဲရှိ အခြားကျမ်းပိုဒ်များတွင်ဖြစ်စေ ပညတ်နှင့်ဆက်စပ်သည့် အနက်ဖြင့်သုံးထားသောကြောင့် ထပ်၍(added)ဟူသော စကားလုံးသသည် သင်္ချာအနက်ကဲ့သို့ ထပ်၍ပေါင်းထည့်သည့် အနက်မျိုးမဟုတ်ကြောင်း ထင်ရှားပါသည်။ ထိုအသုံးနှုန်းကိုပင် အခြားတစ်နေတွင် သုံးထားသည်မှာ “ဘုရားသခင်၏နိုင်ငံတော်နှင့် အလိုတော်ကို ပထမဦးစွာရှာကြလော့။ သို့ပြုလျှင် ကိုယ်တော်သည် သင်တို့အား အခြားလိုအပ်သောအရာများကို ပေးသနားတော်မူလိမ့်မည်။” (BCL) မဿဲ ၆း ၃၃ ဤနေရာတွင် ရိုးရှင်းစွာတွေ့ရသည်မှာ “all these things shall be added unto you”ဟူသောအသုံး၌ (added) သည် “all these things shall be given unto you” (given)ဟူသော အနက်ဖြင့် သုံးထားကြောင်း တွေ့ရသည်။ မာကု၄း ၂၄တွင်လည်း ဂရိဘာသာတွင် ထိုတူသော စကားလုံးကိုပင်

(given) အနက်သဘောမျိုးဖြင့် သုံးထားကြောင်းကို ထပ်၍တွေ့ရသည်။ "unto you that hear shall more be given(added)" ထိုပမာအတိုင်း ကိုယ်တိုင်ခံရကြမည်။ တမန်တော် ၁၂း ၃တွင် "he proceeded further to take Peter also" (KJV)ဟုတွေ့ရသည်။ ထိုစာကြောင်းကို ဂလာတိ ၃း ၁၉ အသုံးအတိုင်း ဘာသာပြန်ရလျှင် "He added to take Peter"ဖြစ်သွားလိမ်မည့်။ ထိုကြောင့် ဂလာတိ ၃း ၁၉ ၏ အသင့်လျှော်ဆုံး ဘာသာပြန်သည် "Wherefore then the law? It was spoken because of transgressions," or "It was given because of transgressions." ဖြစ်သွားလိမ့်မည်။ တစ်မျိုးပြောင်းရေးလျှင် "It was set because of transgressions." Or "It was introduced" စသည်ဖြင့်လည်းရေး၍ရပါသည်။ "It was added"ဟုအင်္ဂလိပ်သာ၌ ပြန်ဆိုခြင်းသည်လည်း မမှားမဟုတ်ပါ။ ထို (added)ဟူသော စကားလုံးသည် အထက်ပါ အနက်သဘောမျိုးဆောင်ထားကြောင်းကိုသိရန်သာလိုပါသည်။ သချ်ာနည်းဖြင့် နဂိုမူလရှိရင်းစွဲအပေါ် ထပ်ပေါင်းထည့်သည့် အနက်မျိုးဖြင့် မသုံးထားကြောင်း သိရန်လိုပါသည်။

ဒုစရိုက်များကြောင့် ပညတ်တော်ကို (given, spoken, added)ပေး/မိန့်/ထပ်၍ပေးခြင်းဖြစ်သည်။ "it was added because of transgression"ဟူသောအသုံးသည် ပညတ်တော် ၁၀ ပါးနှင့်သက်ဆိုင်ပါမည်လား။ ဂလာတိရှိ ခရစ်ယာန်များဆွေးနွေးရာတွင် ပညတ်တော်ဆယ်ပါးကို ရည်ညွှန်းလိုကြောင်း သိနိုင်ပါသည်။ အထင်တရှားကြီး မဟုတ်သော်လည်း ဤဂလာတိကျမ်း လေ့လာချက်ထဲတွင် စာပိုဒ်တစ်ခု၌ ကြိမ်ဖန်များစွာ ကိုးကားခဲ့ပြီးသည့်အတိုင်း ပညတ်တော်ဆယ်ပါးနှင့် သက်ဆိုင်ပါသည်။

"အကယ်၍ လူသားတို့သည် အာဒံကျဆုံးပြီးနောက်ပိုင်းတွင်လည်း အာဒံအပေါ် ဘုရားသခင် ပေးထားခဲ့သည့်အတိုင်း၊ နောဧအာဗြဟံတို့ စောင့်ခဲ့သည့်အတိုင်း ပညတ်တော်စောင့်ကြမည်ဆိုလျှင် အရေဖျားလှီးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်လည်း

ရှိလာမည်မဟုတ်ပါ။ အကယ်၍ အာဗြဟံ၏ နောင်လာနောက်သားတို့သည် အရေဖျားလှီးခြင်းကို သက်သေအဖြစ်ပေးထားသည့် ပဋိညာဉ်ကို ထိန်းသိမ်းစောင့်ရှောက်ကြမည်ဆိုလျှင် ရုပ်တုကိုးကွယ်မှုများဖြင့် ယိမ်းယိုင်သွားမည်မဟုတ်ဘဲ၊ အီဂျစ်ပြည်တွင်လည်း ကျွန်ခံစရာ လိုမည်မဟုတ်ချေ။ ဘုရားသခင့် ပညတ်တော်ကို စိတ်ထဲ၌မှတ်သားထားမည်ဆိုလျှင် သိနာတောင်ပေါ်တွင် ကျောက်ပြားပေါ် ရေးထိုးထားသော ထိုပညတ်တော်ကို ကြေငြာရန်လည်း လိုတော့မည်မဟုတ်ပါ။ ပညတ်တော်ဆယ်ပါးကို လိုက်နာကျင့်သုံးခဲ့ကြလျှင် မောရှေအပေါ် ပေးခဲ့သော ညွှန်ကြားချက်များလည်း ထပ်၍ပေးရန် လိုမည်မဟုတ်ပေ။ (ရှေးဘိုးဘေးများနှင့် ပရောဖက်များ ၃၆၄)

ဤအချက်သည် ပညတ်တော်ဝင်လာသည် စသောအချက်များနှင့်ပတ်သက်၍ ဖော်ပြထားသည့် အချက်များနှင့်လည်း ကိုက်ညီပါသည်။ "ပညတ်တရားသည် တစ်ဖန်ဝင်သဖြင့် ပြစ်မှားသောအပြစ် ပွားများ၏" (ရောမ ၅း ၂၀) "အပြစ်တရားသည် ပညတ်တော်အားဖြင့် အလွန်အပြစ်နှင့် ပြည့်စုံခြင်းရှိသတည်း။" (ရောမ ၇း ၁၃) Farrar၏ ဘာသာပြန်ကျမ်းတွင် ဂလာတိ ၃း ၁၉ ကို "to bring transgressions to a head" (ဒုစရိုက်ကို ကြီးမြတ်သူထံ တင်ပြရန်) ဟုပြန်ဆိုထားသည်။ Alfordကမူ "in order to bring about as transgressions the transgressions of it" (ဒုစရိုက်တရားကို ဒုစရိုက်အပြစ်ဖြစ်သွားစေရန်) ဟုပြန်ဆိုထားသည်။

## ဒုစရိုက်အပြစ်ကြောင့် မိန့်တော်မူခဲ့သော ပညတ်တော် (ဂလာတိ ၃း ၁၉) review and Herald, February 27, 1900

"ပညတ်တရားသည် အဘယ်ကျေးဇူးရှိသနည်းဟူမူကား၊ … ဒုစရိုက်များကြောင့် ထို တရားကို ထပ်၍ ပေးတော်မူ၏။" ပြီးခဲ့သည့်အပတ် ဂလာတိကျမ်း လေ့လာ ရာတွင် ကျွန်တော်တို့ တွေ့ရှိခဲ့ပြီးသော အထောက်ထားများအရ ဘုရားသခင်၏ ပညတ်တော်ဖြစ်သော ပညတ်တော်ဆယ်ပါးသည် ကျောက်ပြားပေါ်တွင် ထွင်းထု ရေးသားသည့် ပုံစံဖြင့်ဖြစ်စေ၊ ထိုပညတ်တော်ဆယ်ပါး၏ နည်းဥပဒေသ၊ သဘောတရားများပါဝင်နေသည့် မောရှေထံ ထပ်မံပေးထားသော ညွှန်ကြားချက်များ၊ တရားစီရင်ချက်များသည် လူသားများ၏ ဒုစရိုက်အပြစ်များကြောင့် ပေးထားခြင်းဖြစ် သည်။ လူသားများသည် မှောင်မိုက်ရာသို့ ပိုသွားလေလေ ဘုရားသခင်သည် ထပ်မံသွန်သင်ချက်များ၊ သူတို့ကို အလင်းသို့ ပို့ဆောင်နိုင်ရန် အသေးစိတ်ညွှန်ကြားချက်များနှင့်အတူ လိုက်လာပါသည်။ သူတို့သည် ဒုစရိုက်နှင့်ပြည့်နေသော မှောင်မိုက်ထဲ နက်နက်ရှိုင်းရှိုင်းတိုးဝင်ကြလေရာ ဘုရားသခင်အနေဖြင့် အကောင်းဆုံးမဟုတ်သော ပြဋ္ဌာန်းချက်များ ပေးရလောက်သည်အထိ ဖြစ်သွားသည်။ အဖြစ်စဉ်အစဆုံးကို အောက်ပါစာပိုဒ်တွင် တွေ့ရသည်။

ဘုရားသခင့် ပညတ်တော်သည် လူသားကိုမဖန်ဆင်းမှီကပင် ရှိနှင့်ပြီသားဖြစ်သည်။ ကောင်းကင်တမန်များသည် ထိုပညတ်တရားဖြင့်ပင် အုပ်ချုပ်ခံရ၏။ ဘုရားသခင့် နိုင်ငံတော်၏နည်းဥဒေသများကို ချိုးဖောက်ခဲ့သောကြောင့် စာတန်ကျဆုံးခဲ့ရသည်။ အာဒံနှင့် ဧဝကို ဖန်ဆင်းပြီးနောက် ဘုရားသခင်က သူ့ပညတ်တော်အကြောင်းကို အသိပေးခဲ့သည်။ ထိုအချိန်က ပညတ်တော်ကို ရေးသား၍ ပေးထားခြင်းမဟုတ်ဘဲ၊ ယေဟောဝါဘုရားကိုယ်တိုင် သူတို့ကို လေ့ကျင့်သင်ကြားပေးခဲ့သည်။

ပညတ်တော်၏ စတုတ္ထမြောက်ပညတ်ဖြစ်သော ဥပုဒ်နေ့ကို ဒေင်ဥယျာဉ်၌ စတင်ပြဋ္ဌာန်းခဲ့သည်။ ကမ္ဘာကြီးဖန်ဆင်းကာ၊ လူသားကို ကမ္ဘာကြီးပေါ် နေရာချထားပြီးနောက် လူသားများအတွက် ဥပုဒ်နေ့ကို ပေးထားခဲ့သည်။ အာဒံအပြစ်၌ ကျဆုံးပြီးနောက် ဘုရားသခင်၏ ပညတ်တော်မှ မည်သည့်အရာကိုမျှ ထုတ်မပယ်ခဲ့ပါ။ ပညတ်တော်ဆယ်ပါး၏ သဘောတရားများသည် လူသားမကျဆုံးခင်ကပင် ရှိနှင့်ပြီးသားဖြစ်၏။ ထိုပညတ်တော်သည် သက်ရှိများအတွက် သန့်ရှင်းသောအသက်တာပုံစံနှင့်ကိုက်ညီသော ပညတ်တော်ဖြစ်သည်။ လူသားကျရှုံးပြီးနောက် ထိုပညတ်တရား၏ နည်းဥပဒေသများ ပြောင်းလဲခြင်းမရှိပါ။ သို့သော်လည်း ကျဆုံးလူသားများအတွက် ကိုက်ညီမည့် လိုက်နာရမည့် တရားများကို ထပ်၍ပေးခဲ့ပါသည်။

အာဒံက သူ့နောင်လာနောက်သားများထံ ဘုရားသခင်၏ ပညတ်တော်များကို သင်ကြားပေးကာ၊ နောက်မျိုးဆက်ပေါင်းများစွာထိ လက်ဆင့်ကမ်းပေးခဲ့သည်။ ဘုရားသခင့် ပညတ်တော်ကို ဆက်တိုက်ကျူးလွန်သည့်အတွက် ကမ္ဘာမြေပေါ် ရေလွှမ်းမိုးခြင်းဖြစ်လာရသည်။ နောနှင့် သူ့မိသားစုလည်း ပညတ်တော်ကို စောင့်ရှောက်ခဲ့၏။ နောကလည်း နောင်လာနောက်သားများကို ပညတ်တော်ဆယ်ပါးအကြောင်း သင်ကြားပေးခဲ့သည်။ အာဒံမှစ၍ နောက်ပိုင်းတွင် စိတ်နှလုံးသားထဲ ပညတ်တော်ကိန်းအောင်းသော လူမျိုးတစ်စု သူ ထားရှိစောင့်ရှောက်ခဲ့သည်။ အာဗြဟံနှင့်ပတ်သက်၍ "အာဗြဟံသည် ငါ့စကားကို နားထောင်၍၊ ငါစီရင်မှာထားသော ပညတ်တရားအမျိုးမျိုးတို့ကို စောင့်ရှောက်သတည်း"ဟု ဖော်ပြထားပါသည်။ (ကမ္ဘာဦးကျမ်း ၂၆း ၅)

အကယ်၍ အာဗြဟံ၏ နောင်မျိုးဆက်များအနေဖြင့် အခြားနိုင်ငံများနှင့် မရောနှောဘဲ၊ သီးသန့်နေထိုင်မည်ဆိုလျှင် သူတို့သည် ရုပ်ထုကိုးကွယ်မှုနောက်သို့ ပါသွားမည်မဟုတ်ပါ။

အီဂျစ်ပြည်တွင် ပြောင်းရွှေ့သွားသော မိသားစုတစ်စုရှိခဲ့ပါသည်။ ထိုနောက် အများအပြားပြောင်းရွှေ့သွားကြသည်။ တစ်ချို့မိသားစုများအနေဖြင့် ဘုရားသခင့် ပညတ်တော်အကြောင်း သူတို့သားသမီးများထံ ဂရုတစိုက်သင်ကြားပေးခဲ့ကြသော်လည်း အချို့မှာ ရုပ်ထုကိုးကွယ်မှုနှင့် ထိတွေ့မှုများလွန်းသဖြင့် ဘုရားသခင့် ပညတ်တော်နှင့် ပတ်သက်၍ စိတ်ရှုပ်သွားကြတော့သည်။

အကြောင်းပြချက် ဆင်ခြေများမရှိစေရန် ဘုရားသခင်ကိုယ်တော်တိုင် ဘုန်းတန်ခိုးနှင့် ကောင်းကန်တမန်များဖြင့် လွှမ်းခြုံကာ သိနာတောင်ပေါ် နိမ့်ချကြွဆင်းလာကာ အမြင့်မြတ်ဆုံး၊ အထူးဆန်းဆုံး ပုံစံဖြင့် သူ့ပညတ်တော်ဆယ်ပါးကို လူအများသိစေခဲ့သည်။ သူတို့ကို သင်ပေးရန် ကောင်းကင်တမန်များမှအစ မည်သူ့ကိုမျှ စိတ်မချသောကြောင့် လူမျိုးနွယ်အပေါင်းတို့ ကြားသိနိုင်ရန် သူ့အသံဖြင့် သူ့ပညတ်တော်အကြောင်း ပြောပြခဲ့သည်။ သူ့တောင်းဆိုချက်များကို မေ့လျော့တတ်လွန်းသော လူတစ်စုကြောင့် အားမရသေးဘဲ သူ့လက်ညိုးတော်ဖြင့် ကျောက်ပြားပေါ် ကိုယ်တိုင်ရေးသားခဲ့သည်။ စင်ကြယ်သော သူ့တရားတော်နှင့် ရောယှက်နိုင်ချေရှိသော ရိုးရာဓလေ့များ၊ သူ့တောင်းဆိုချက်များနှင့် လူတို့အမူအကျင့်များကို ရှုပ်ထွေးရောနှောစေနိုင်သောအရာများကို သူပယ်ရှားခဲ့သည်။

ဘုရားသခင်သည် အလွန်လမ်းလွဲခဲ့ပြီးဖြစ်သောသူ့လူများနှင့် ပိုမိုနီးရာသို့ ကြွလာခဲ့သည်မှာ ဆယ်ပါးသော ပညတ်ချက်တို့ကိုသာ ပေးရန်မဟုတ်ပါ။ မောရှေအပေါ် တရားစီရင်ချက်များနှင့် ပညတ်တော်များကို ရေးသားစေလျက်၊ သူတို့လိုက်နာရမည့် ညွှန်ကြားချက်များကို ပေးခြင်းအားဖြင့် ကျောက်ပြားပေါ်တွင် ရေးထိုးထားသော ပညတ်တော်ဆယ်ပါးကို စောင့်ရှောက်စေခဲ့သည်။ ထိုအသေးစိတ်ညွှန်ကြားချက်များနှင့်လိုက်နာရမည့် စည်းကမ်းချက်များသည် ပြစ်မှားသောလူသားများကို သူတို့ကျူးလွန်တတ်လွန်းသော ကိုယ်ကျင့်တရားဆိုင်ရာ ပညတ်တော်ကို နာခံတတ်စေရန် ပေးထားခြင်းဖြစ်သည်။

အကယ်၍ အာဒံကျဆုံးပြီးနောက်ပိုင်း ဘုရားသခင်၏ ပညတ်တော်ကို အာဒံလိုက်နာခဲ့သည့်အတိုင်း၊ သဘော်ာထဲတွင် နောစောင့်ရှောက်ခဲ့သည့်အတိုင်း၊ အာဗြဟံလိုက်နာခဲ့သည့်အတိုင်း လူသားများ လိုက်နာစောင့်ရှောက်ခဲ့ကြမည်ဆိုလျှင် အရေဖျားလှီးခြင်း ခံယူရန်လည်း လိုအပ်မည်မဟုတ်ပေ။ အာဗြဟံ၏ နောင်လာနောက်သားတို့သည် အရေဖျားလှီးခြင်းကို အမှတ်သားအဖြစ် ကျင့်သုံးကြသော ပဋိညာဉ်ကို စောင့်ရှောက်ခဲ့ကြမည်ဆိုလျှင် သူတို့သည် ရုပ်ထုကိုးကွယ်မှုနောက်သို့ လမ်းလွဲသွားမည်မဟုတ်ပေ။ အီဂျစ်ပြည်တွင်လည်း ကျွန်ခံစရာ လိုမည်မဟုတ်ပေ။ သိနာတောင်ပေါ်တွင် ပညတ်တော်ကို ပြန်လည်ကြေငြာကာ ကျောက်ပြားပေါ်တွင် ရေးသားရန်လည်း လိုမည်မဟုတ်ပါ။ ထိုပညတ်တော်ကို မောရှေထံ ပေးအပ်ခဲ့သောနည်းဥပဒေသများ၊ တရားစီရင်ချက်များဖြင့် စောင့်ရှောက်ရန်လည်း လိုတော့မည်မဟုတ်ပါ။

တောင်ပေါ်၌ ဘုရားသခင်နှင့်အတူရှိနေစဉ် ဘုရားသခင့်နှုတ်တော်မှထွက်လာသောနည်းဥပဒေသများ၊ တရားစီရင်ချက်များကို ရေးသားခဲ့သည်။ ဘုရားသခင့် လူများသည် ပညတ်တော်ဆယ်ပါးတွင်ပါရှိသော သဘောတရား၊ နည်းစနစ်များကို နားထောင်ခဲ့လျှင် မောရှေ စာအုပ်ထဲရေးမှတ်ခဲ့သော ဘုရားသခင်ထံ သူတို့ပြုရမည့်တာဝန်ဝတ္တရားများ၊ လူသားအချင်းချင်း၌ ပြုရမည့်ဝတ္တရားများအကြောင်း အသေးစိတ်ညွှန်ကြားချက်များ ပေးရန်လိုမည်မဟုတ်ချေ။ ဘုရားသခင် မောရှေထံ အတိအကျပေးခဲ့သော လူမျိုးသားချင်း ဆက်ဆံရေး၊ သူစိမ်းများနှင့် ဆက်ဆံရေး ညွှန်ကြားချက်များသည် ပညတ်တော်ဆယ်ပါး၏ သဘောတရားများ၊ နည်းစနစ်များကို အမှားမရှိရလေအောင် ပိုမိုတိကျရှိုးရှင်းသော ပုံစံဖြင့် ပေးထားခြင်းသာဖြစ်သည်။

ကိုယ်တော်သည် ဣသရေလသားသမီးများထံ “သူတို့သည် ဘိုးဘေးတို့ ကိုးကွယ်သော ရုပ်တုများကို ငဲ့ကွက်သောကြောင့်၊ ငါ၏စီရင်ထုံးဖွဲ့ချက်တို့ကို မစောင့်ရှောက်မထီမဲ့မြင်ပြု၍ ငါ၏ဥပုသ်နေ့တို့ကို ရှုတ်ချကြ၏။ ထိုကြောင့် မကောင်းသော စီရင်

ချက်၊ အသက်မရှင်ရသော ထုံးဖွဲ့ချက်တို့ကို ငါပေး၏ ” (ယေဇကျေလ ၂၀း ၂၄- ၂၅) ဣသရေလတို့သည် အစဉ်စကားနားမထောင် ပုန်ကန်ကြသောကြောင့် ကိုယ်တော်သည် ပညတ်တော် ချိုးဖောက်မှုအတွက် ချိုးဖောက်သူအတွက် မကောင်းသော ပြစ်ဒဏ်ချမှတ်ခြင်းတို့ကို ချိုးဖောက်သူ ပုန်ကန်မှု၌ ရှင်သန်မသွားစေရန် သတ်မှတ်ပေးခဲ့သည်။

ချဉ်းကပ်၍မရနိုင်လောက်အောင် ဘုန်းတခိုးအာနုဘော်ဖြင့် ဘုရားသခင်ပေးခဲ့သော ပညတ်တော်ကို ချိုးဖောက်ခြင်းအားဖြင့် လူတို့သည် ပညတ်တော်အရှင်ကို မထီမဲ့မြင်ပြုခဲ့ကြသည်။ သေခြင်းတရားသည် အပြစ်၏အခဖြစ်သွားခဲ့သည်။ (spirit of prophecy vol 1. P 261-265) (patriarchs and prophets, chapter 32, par 1-4)

ယဇ်ပူဇော်ခြင်းဆိုင်ရာ ဝိနည်းများသည် ဒုစရိုက်အပြစ်များကြောင့် ထပ်မံပေးထားသည့်အရာဖြစ်သည်မှာ အမှန်ဖြစ်သည်။ အာဒံနှင့် အာဗြဟံတို့ ပူဇော်ခဲ့သော ယဇ်၊ ဣသရေလအမျိုးရှိ လေဝိအမျိုးတို့ တော်၌ ပူဇော်သော ယဇ်တို့သည်လည်း ထို့အတူပင်ဖြစ်သည်။

“ကျဆုံးပြီးနောက် ယဇ်ကောင်များကို ပူဇော်ရန်လိုအပ်သော ဝိနည်းတစ်ခုကို စတင်ကျင့်သုံးလာကြသည်။ အကြောင်းမှာ  နားမထောင်ခြင်း၏  အကျိုးဆက်သည် သေခြင်းဖြစ်ကြောင်း ဧဝကို မယုံကြည်အောင် လုပ်ခဲ့သော ရှေးမြွေဟောင်း၏ လိမ်ညာမှုကို ကျဆုံးလူသားရှေ့တွင်  ပြသရန်ဖြစ်သည်။  ဘုရားသခင့်  ပညတ်တော်ကို ချိုးဖောက်လိုက်ခြင်းက ခရစ်တော်  ယဇ်ကောင်အဖြစ်  ပူဇော်ရန်  လိုလာသည့် အခြေနေဖြစ်သွားစေခဲ့သည်။ ဤနည်းဖြင့် လူသားသည် အပြစ်အခကို  ရှောင်လွဲနိုင်၍ ဘုရားသခင့် ပညတ်တော် ဆက်လက်တည်တံ့နိုင်စေရန် ဖြစ်သည်။ (spirit of prophecy vol. 1, page 261)

“အာဒံ၌ ပေးအပ်ခဲ့သော ယဇ်ပူဇော်ခြင်း ဝိနည်းသည်လည်း နောင်လာနောက်သားများ လက်ထက်၌ လမ်းလွှဲသွားခဲ့သည်။ ဘုရားသခင် ခန့်အပ်ခဲ့သော ရိုးရှင်း၍ အရေးပါသော ဝိနည်းများသည် အယူသည်းခြင်း၊ ရုပ်ထုကိုးကွယ်ခြင်း၊ အကြင်နာမဲ့ရက်စက်ခြင်း၊ ကာမဂုဏ်လိုက်စားခြင်းတို့ကြောင့် ဖောက်ပြန်ကုန်၏ ။ ရုပ်ထုကိုးကွယ်သူများနှင့် ကူးလူးဆက်ဆံသည့်အတွက် ဘုရားတရားမဲ့သူများ၏ ဓလေ့ထုံးစံများနှင့် ဣသရေလတို့ ကိုးကွယ်မှုထဲ ရောယှက်လာတော့သည်။ ထို့ကြောင့် သိနာတောင်ပေါ်တွင် ဘုရားတော်သည် ယဇ်ပူဇော်ခြင်းဆိုင်ရာ အသေးစိတ်ညွှန်ကြားချက်များပေးခဲ့သည်။ တဲတော်ကို ဆောက်လုပ်ပြီးသောအခါ ကရုဏာတော်ခုံ အထက်ရှိ ဘုန်းတော်တိမ်စိုင်အားဖြင့် မောရှေနှင့် ဆက်သွယ်တော်မူ၏။ ပူဇော်သကာအမျိုးမျိုးတွက် ပြည့်စုံသော ဝိနည်း ညွှန်ကြားချက်များပေးခဲ့သည်။ ဗိမာန်တော်ထဲလိုက်နာရမည့် ကိုးကွယ်မှုပုံစံများကို ချမှတ်ပေးခဲ့သည်။ ပွဲတော်နှင့်ဆိုင်သော ဝိနည်းပညတ်များကို မောရှေထံ ပေးခဲ့သည်။ မောရှေက စာအုပ်ထဲ မှတ်သားထားခဲ့သည်။ သို့သော်လည်း သိနာတော်ပေါ်တွင် ပေးခဲ့သော ပညတ်တော်ဆယ်ပါးကိုမူ ဘုရားသခင်ကိုယ်တိုင် ကျောက်ပြားပေါ်တွင်ရေးသားကာ သေတ္တာထဲတွင် သန့်ရှင်းစွာ သိမ်းထားခဲ့သည်။ (Patriarchs and Prophets, P 364-365)

ထို့ကြောင့် ကိုယ်ကျင့်တရားဆိုင်ရာ ပညတ်ဖြစ်စေ၊ ပွဲတော်ဆိုင်ရာ ဝိနည်းပညတ်များဖြစ်စေ ဒုစရိုက်အပြစ်ကြောင့် ပေးထားသော ပညတ်များဖြစ်ကြသည်။ မေးခွန်းမှာ “ဂလာတိ ၃း ၁၉ ၌တွေ့ရသော အခြားပညတ်များထက် ထူးခြားစွာရည်ညွှန်းလိုသော ပညတ်တော်သည် ဘယ်တစ်ခုဖြစ်မည်နည်း” ပညတ်တော်သည် “အာမခံ၏လက်၌ထား”ကြောင်း ကျွန်တော်တို့ သိပြီးဖြစ်သည်။ ထိုကျမ်းချက်နှင့် ဆက်စပ်သော ကျမ်းချက် ဟေဗြဲ ၁၂း ၂၀, တရားဟောရာကျမ်း ၅း ၂၂ တို့၌ ပြောထားသော ဘုရားသခင်၏ ပညတ်တော်သည် အခြားပညတ်များထက် အထူးရည်ရွယ်ထား

သော ဘုရားသခင်၏ပညတ်တော်၊ သမ္မာကျမ်းစာနှင့် ကျောက်ပြားပေါ်တွင် ရေးသားထားသော ပညတ်တော်ဆယ်ပါး အမှန်ဖြစ်ကြောင်းတွေ့ရသည်။

**အာမခံ၏ လက်၌ - ဂလာတိ ၃း ၁၉** (Review and Herald, March 6, 1900)

“ပညတ်တရားသည် အဘယ်ကျေးဇူးရှိသနည်းဟူမူကား၊ … ဒုစရိုက်များကြောင့် ထိုတရားကို ထပ်၍ ပေးတော်မူ၏။ ထိုတရားကို ကောင်းကင်တမန်များအားဖြင့် အာမခံ၏ လက်၌ထားတော်မူ၏။” ဂလာတိ ၃း ၁၉

ဂလာတိ ၃း ၁၉သည် သူ့ကို ကျောက်ခဲဖြင့် ပစ်သတ်တော့မည့် ဆန်ဟဲဒရင်းများထံ နောက်ဆုံးထွက်သက်၌ သတေဖန်ပြောခဲ့သော အကြောင်းအရာများနှင့် တူနေ၏။ “သင်တို့ဘိုးဘေးများသည် အဘယ်ပရောဖက်ကို မျှ မညှဥ်းဆဲဘဲနေသနည်း။ ဖြောင့်မတ်သောသူ ကြွလာတော်မူမည်အကြောင်းအရာကို ဟောပြောညွှန်သော သူတို့ကို ကွပ်မျက်ကြ၏။ ထိုဖြောင့်မတ်သော သူကိုပင် ယခုလည်း သင်တို့သည် အပ်နှံ၍ အသေသတ်ကြပြီ။ သင်တို့သည် ကောင်းကင်တမန်များ ခင်းကျင်းသောအားဖြင့် ပညတ်တရားတော်ကို ခံရသော်လည်း မစောင့်မရှောက်ကြဟု သတေဖန် မြွက်ဆို၏။ (တမန်တော် ၇: ၅၂,၅၃)

သတေဖန်ပြောခဲ့သော စကားလုံး “ကောင်းကင်တမန်များ ခင်းကျင်းသောအားဖြင့်” နှင့် ဂလာတိ ၃း ၁၉ရှိ “ကောင်းကင်တများအားဖြင့် အာမခံ၏ လက်၌ထား” ဟူသော အသုံးနှုန်းတူနေပါသည်။ သတေဖန့် အသုံးနှုန်းကို “ခင်းကျင်းသောအားဖြင့်” ဟု ဘာသာပြန်ဆိုထာပြီး၊ ပေါလု၏ အသုံးနှုန်းကို “လက်၌အပ်ထား”ဟု ပြန်ဆိုထားသော မူရင်းဂရိစကားလုံးသည် လုံးဝအတူတူပင်ဖြစ်သည်။

သဒ္ဒါကာလသာအနည်းငယ်ကွာသည်။ သတေဖန်၏ အသုံးနှုန်းသည် ဂရိတွင် (diatagas) ဖြစ်၍ ပေါလုအသုံးတွင် (diatageis) ဖြစ်သည်။

သတေဖန်က ပညတ်တော်မစောင့်ဘဲ လူ့အသက်သတ်သူများအဖြစ်စွပ်စွဲသည့်အခါ သူဆိုသော ပညတ်တော်သည် ဘယ်ပညတ်တော်ဖြစ်မည်နည်း။ လူသတ်သမားတစ်ဦးအနေဖြင့် ချိုးဖောက်သည့် ပညတ်သည် ဘယ်တစ်ခုဖြစ်မည်းနည်း။ "လူ့အသက်ကို မသတ်နှင့်" ဟုဆိုထားသော ပညတ်တော်ဆယ်ပါးဖြစ်ပါသည်။ ထိုစကားလုံးကိုပင် ထိုသဘောမျိုးနှင့် ဂလာတိ ၃း ၁၉တွင် တွေ့ရသည်ဖြစ်၍ ဂလာတိကျမ်း ရည်ညွှန်းလိုသောအရာ အခြားမည့်သည့်ပညတ်များ ဖြစ်နိုင်တော့မည်နည်း။ ကျမ်းချက်နှစ်ခုလုံးသည် တူညီသောပညတ်တစ်ခုကို ရည်ညွှန်းခြင်းမဟုတ်လျှင် ရိုးရှင်းသောကျမ်းစာအချိန်အဆက်ကို အနုနည်းဖြင့် အကြမ်းဖက်ခြင်းသာ မည်ပေလိမ့်မည်။ သတေဖန်ဆိုလိုသော ပညတ်တော်သည် မည်သည့်ပညတ်တော်ဖြစ်ကြောင်း မေးခွန်းထုတ်စရာပင် မလိုသကဲ့သို့ ဂလာတိ၃း ၁၉ ကဆိုလိုသော ပညတ်တော်သည် မည်သည့် ပညတ်တော်ဖြစ်ကြောင်း မေးခွန်းထုတ်စရာပင် မလိုတော့ပါ။ အကြောင်းမှာ တူညီသော စကားလုံးတစ်လုံးကို တူညီသောအကြောင်းအရာ တူညီသော အနက်ဖြင့် သုံးထားသောကြောင့်ဖြစ်သည်။

"ကောင်းကင်တများအားဖြင့် အာမခံ၏ လက်၌ထား"၊ "ကောင်းကင်တမန်များ ခင်းကျင်းသောအားဖြင့်"ဟူသော စကားလုံးတို့သည် မည်သည့်အရာကို ဆိုလိုသနည်း။ ပေါလုနှင့် သတေဖန်တို့ သုံးသောစကားလုံး၏ မူရင်းစကားလုံးသည် "diatasso"ဖြစ်၍ စီစဉ်၊ အပ်ထား၊ တည်ထောင်" "စစ်တပ်တစ်ခုကို စစ်မြေပြင်တွင်ဖြစ်စေ အများပြည်သူပိုင်နေရာများတွင်ဖြစ်စေ စနစ်တကျစီတန်းထားခြင်း"စသော အနက်များရှိသည်။ ထိုကျမ်းပိုဒ်နှစ်ခု ဆိုလိုသောအရာမှာ ရှင်ဘုရင် (သို့) စစ်ဗိုလ်တစ်ဦးသည် စစ်တပ်ကို နေရာချထားသကဲ့သို့ ဘုရားသခင်၏ ကောင်းကင်မန်များ

ရှေ့မှောက်တွင် ထိုပညတ်တော်ကို အာမခံတစ်ဦးလက်၌ အပ်ထားသည် ဟူ၍ဖြစ်သည်။

ပြောခဲ့ပြီးသည့်အတိုင်း လူသားနှင့် ဘုရားသခင်စပ်ကြားတွင် အာမခံတစ်ဦးတည်းဖြစ်သော ယေရှုခရစ်တော်သာရှိ၏။ ထိုပညတ်တော်ကို အပ်ထားခြင်းခံရသည့် အာမခံသည် ခရစ်တော်ဖြစ်ကြောင်း မေးခွန်းထုတ်စရာပင် မလိုပါ။ ထိုအချင်းအရာကို တရားဟောရာကျမ်း ၃၃း၂ တွင် "မောရှေက "ထာဝရဘုရားသည် သိနာတောင်မှ ကြွလာတော်မူ၏။ စိရတောင်မှ ထွန်းလင်းတော်မူ၏။ ပါရန်တောင်မှ ရောင်ခြည်လွှတ်တော်မူ၏။ လက်ယာတော်၌ "ဥပဒေသမီး"ပါလျက် သန့်ရှင်းသူ အထောင်အသောင်းတို့နှင့် ကြွလာတော်မူ၏။" ဟုတွေ့ရသည်။(MSBU) ကျောက်ပြားပေါ် ရေးသားရာတွင် ဘုရားသခင်၏ လက်ျာတက်တော်မှ ဥပဒေသမီး (fiery law) ထွက်၏။ "ထိုကျောက်ပြားတို့သည် ဘုရားသခင် ဖန်ဆင်းတော်မူသော ကျောက်ပြား၊ စာသည်လည်း ဘုရားသခင် အက္ခရာတင်တော်မူသော စာဖြစ်သတည်း။ (ထွက်မြောက်ရာ ၃၂း ၁၆)

မူရင်းကျောက်ပြားနှစ်ခုကို မောရှေချိုးဖွဲ့ခဲ့သည်။ ထို့နောက် အခြားကျောက်ပြားနှစ်ခုကို ထပ်မံပြုလုပ်ခဲ့သော်လည်း ထိုကျောက်ပြားနှစ်ခုကို တောင်ပေါ်သို့ယူဆောင်သွားရသည်။ ဘုရားသခင်က "သင်တို့စည်းဝေးသောနေ့၌ ထာဝရဘုရားသည် တောင်ပေါ်မှာ မီးထဲက မိန့်မြွက်တော်မူသော ပညတ်တော်ဆယ်ပါးတို့ကို၊ အရင်စာ၌လာသည်အတိုင်း၊ ထာဝရဘုရားသည် ရေးထား၍ ငါ့အားပေးတော်မူ၏။ ငါသည်လည်း လှည့်၍ တောင်ပေါ်က ဆင်းသဖြင့်၊ လုပ်ပြီးသော သေတ္တာထဲ၌ ထိုကျောက်ပြားကို ထား၍၊ ထာဝရဘုရား မှာထားတော်မူသည်အတိုင်း၊ ထိုသေတ္တာထဲ၌ ယခုရှိ၏။" တရားဟောရာကျမ်း (၁၀း ၄,၅)

ထို့ကြောင့် ပညတ်တော်ဆယ်ပါးသည် ပြီးပြည့်စုံလင်စွာ "ဘုရားသခင်နှင့် လူတို့၏ စပ်ကြားမှာ၊ လူဖြစ်သော ယေရှုခရစ် တည်းဟူသော အာမခံတဦး"၏ လက်အားဖြင့် ထားခဲ့သည်။ (၁တိ ၂း ၅) ထိုကဲ့သို့ ပေးထားသော အခြားပညတ်တစ်ခုမျှ မရှိပါ။ အခြားပညတ်များကို စကားလုံးဖြင့်ဖြစ်စေ၊ ဝိညာဉ်တော်မှုတ်သွင်းအားဖြင့်ဖြစ်စေ၊ မောရှေထံပေးပြီးမှ မောရှေက သူ့လက်ဖြင့်ရေးသားခဲ့သည်။ သို့သော် ကျောက်ပြားဖြင့်ပေးထားသော ပညတ်မှလွဲ၍ အာမခံ၏လက်အားဖြင့် ပေးခဲ့သော အခြားပညတ်တစ်ခုမျှ မရှိချေ။ သူ့လက်မှ ဥပဒေသမီးထွက်၏။ ထိုလက်မှအခြား ပညတ်မထွက်ချေ။ သန့်ရှင်းသူအထောင်အသောင်းတို့နှင့် ကြွလာလျက် လက်ယာတော်လက်မှ ဥပဒေသမီး ထွက်လာသည်။ ထိုသန့်ရှင်းသူများသည် ဤအဲ့ဖွယ်အပေးအယူကို ကြည့်ရှု့ဂုဏ်ပြုပေးရန် ကောင်းကင်အရှင်၏ နေရာချထားခြင်းခံရသော ဘိသိက်ခံရသော၊ ဘုန်းကြီးသောကောင်းကင်တမန်များဖြစ်ကြသည်။

ခရစ်ယာန်များကပင် သိနာတောင်ပေါ်တွင် ပေးခဲ့သော ပညတ်တော်၏ ဘုန်းအသရေကြီးမြတ်ခြင်းကို ကောင်းစွာသိမြင်ကြခြင်းမရှိချေ။ ထိုဘုန်းအသေရေကြီးမြတ်မှုက ထိုအဖြစ်ပျက်၏ အရေးကြီးပုံကို ဖော်ညွှန်းနေပါသည်။ "တောင်ပေါ်၌ တိမ်ထူထပ်သော မိုးတိမ်နှင့်တကွ မိုးချုန်းသံများ၊လျှပ်စီးလက်ခြင်းများဖြစ်၍ အလွန်ကျယ်လောင်သော တံပိုးမှုတ်သံမြည်လေ၏။" "ထာဝရဘုရားသည် သိနာတောင်ပေါ်သို့ မီးဖြင့်ကြွဆင်းတော်မူသဖြင့် တစ်တောင်လုံး မိုးခိုးထွက်လေ၏။ မီခိုးသည် မီးဖိုကြီး၏ မီးခိုးကဲ့သို့တက်၏။ တောင်တစ်တောင်လုံးသည်လည်း ပြင်းထန်စွာတုန်လှုပ်လေ၏။" "တံပိုးမှုတ်သံသည် ပို၍ပို၍ကျယ်လာသောအခါ" "ကိုယ်တော်၏ထစ်ချုန်းသံသည် လေပွေ၌ပါ၍ လျှပ်စီးတို့သည် ကမ္ဘာလောကကို လင်းလက်စေပါသည်။" (ဆာလံ ၇၇း ၁၈) ထိုဘုန်းကြီးလွန်းသောကြောင့် တုန်လှုပ်ချင်စရာကောင်းသော မြင်ကွင်းအကြားတွင် "တောင်ပေါ်၌ မိုးကောင်းကင်အလယ်တိုင်အောင် မီးတောက်လောင်လျက် မှောင်မည်းသော မိုးတိမ်နှင့် အမှောင်ထုဖုံးလေ၏။" (တရား

၄း ၁၁) "ထာဝရဘုရားသည်  တောင်ပေါ်၌ မီး၊  မိုးတိမ်နှင့် အမှောင်ထုတို့ထဲမှ ကြီးမားသောအသံဖြင့် လူအစုအဝေးတစ်ရပ်လုံးအား ဤစကားတို့ကို  မိန့်တော်မူ၏။ ထို့နောက် ထပ်၍ မိန့်တော်မမူဘဲ စကားတို့ကို ကျောက်ပြားနှစ်ချပ်ပေါ်၌ ရေးသားပြီး ငါ့အားပေးအပ်တော်မူ၏။"  ထပ်၍ မိန့်တော်မမူ"ချေ။ လူအစုအဝေးတစ်ရပ်လုံး တုန်လှုပ်ခဲ့ကြသည်။ "ထိုအသံတော်ကို ကြားရသောသူတို့သည် မိမိတို့အား ထပ်မံ၍ မိန့်တော်မမူရန် တောင်းပန်ကြ၏။  (ဟေဗြဲ ၁၂း ၁၉) ထို့နောက် သူ၏မီးလက်ဖြင့် "ကျောက်ပြားနှစ်ချပ်ပေါ်၌ ရေးသားပြီး" မောရှေထံပေးအပ်ခဲ့သည်။

"ဘုရားသခင်၏ စစ်ရထားတို့သည် ထောင်အသောင်းမကများပြားကြ၏။ ဘုရားရှင်သည် သိနာတော်မှာကဲ့သို့ သူတို့နှင့်အတူ သန့်ရှင်းရာဌာနတော်၌ ရှိတော်မူ၏။" ဆာလံ ၆၈း ၁၇) ဘုရားသခင်၏ လူများသည် တောင်အနီးနားတစ်ဝိုက်တွင် စုရုံးနေကြစဉ် အသင်္ချေမကများသော ကောင်းကင်တမန်များသည် သူတို့ကို ဝန်းရံထားကာ သူတို့အပေါ်၌ ရှိနေခဲ့ကြသည်။ ယေရှုနှုတ်မှထွက်လာသော စကားလုံးတစ်ခုလုံးမျှ ကြားနာသူ၏စိတ်ထဲတွင် ပြောင်းလဲမသွားစေရန်၊ (သို့) သံသယစိတ် ဖြစ်မသွားစေရန် မကောင်းသောတမန်များကို ဖယ်ရှားကာ ထိုနေရာကို သက်ရှိတဲတော်ဖြစ်စေခဲ့သည်။

ပညတ်တော်ကို သိနာတောင်ပေါ်တွင် ပေးအပ်သောအခါ စနစ်တကျ နေရာချထားသော၊ ဘိသိက်ခံရသော ကောင်းကင်တမန်များက လူများနှင့် ဘုရားသခင်ကို ဝန်းရံခဲ့ကြသည်။ မျက်နှာလေးခု၊ အတောင်ပံလေးခုရှိသော ခေရုဗိန်၊ အတောင်ခြောက်ခုပါသော သရပ်(seraphim)၊  ရွှေရောင်သန်းနေသော စစ်ရထားများနှင့် တဖျက်ဖျက်လင်းလက်နေသော အသင်္ချေမကသော ကောင်းကင်တမန်များသည် ကောင်းကင်၏ ရှင်ဘုရင်းမင်းမြတ်ဖြစ်သော အာမခံနှင့် လိုက်ပါလာကြသည်။ မေတ္တာတော်ကြောင့် အပြစ်သားများအတွက် လက်တော်မှ ဥပဒေသမေတ္တာမီးထွက်လာသည်။ (တရား ၃၃း ၃) သိနာတောင်ပေါ်၌ ဘုရားသခင်၏ ပညတ်တော်ဆယ်ပါးကို ပေးအပ်ရာတွင်

ထိုကဲ့သို့သော ဘုန်းတန်ခိုးအသရေတော်ကို ပြပေးခဲ့သည့်အဖြစ်ပျက်မျိုး ကမ္ဘာကို ဖန်ဆင်းပြီးနောက်ပိုင်းတွင် မတွေ့ရချေ။ ထိုပညတ်တော်သည် အာမခံ၏လက်ဖြင့် ပေးအပ်ထားသော တစ်ခုတည်းသော ပညတ်ဖြစ်သည်။

ဤပညတ်သည် ဂလာတိ ၃း ၁၉တွင် တွေ့ရသော ဒုစရိုက်ကြောင့် ထပ်မံပေးအပ်ခြင်းခံရသော၊ ကောင်းကင်တမန်များအားဖြင့် အာမခံလက်၌ ထားတော်မူသော ပညတ်ပင်ဖြစ်ကြောင်း မေးခွန်းထုတ်စရာများ ရှိနိုင်အုံးပါ့မလား။

## **ကတိတော်ခံရသော အမျိုးနွယ် မဖြစ်မီတိုင်အောင် = ဒုတိယအကြိမ်ကြွလာခြင်း** = (ဂလာတိ ၃း ၁၉) Review and Herald, March 13, 1900

"သို့ဖြစ်၍ပညတ်တရားသည် အဘယ်အကျိုးရှိသနည်းဟူမူကား၊ ကတိတော်ကိုခံသော မျိုးအနွယ်မဖြစ်မီ တိုင်အောင်၊ ဒုစရိုက်များကြောင့် ထိုတရားကို ထပ်၍ ပေးတော်မူ၏။ ထိုတရားကိုကောင်းကင်တမန်များအား ဖြင့်အာမခံ၏ လက်၌ထားတော်မူ၏။" ဂလာတိ ၃း ၁၉)

ဤစာပိုဒ်တစ်ခုတည်းကို ဖတ်ကာ၊ ဆင်ခြင်ကြည့်ခြင်းအားဖြင့် ဘုရားသခင် သိနာတော်ပေါ် ပေးခဲ့သော၊ သူရေးသားခဲ့သော ပညတ်တော်သည် အခြားပညတ်များထက် ထူးကဲသာလွန်သော၊ ပညတ်ဖြစ်သင့်ဖြစ်ထိုက်သည့် အချက်အလက်၊ လိုအပ်ချက်အားလုံးနှင့် ကိုက်ညီသော တစ်ခုတည်းသော ပညတ်တော်ဖြစ်ပါသည်။ "ဂတိတော်ကိုခံသော မျိုးအနွယ်မဖြစ်မီ တိုင်အောင်" ဟူသော အချက်သည် မည်သည့်အရာကို ပြောလိုခြင်းဖြစ်မည်နည်း။

ဂလာတိကျမ်းတွင် ရေးထားသော ပညတ်နှစ်မျိုးရှိသည်။ ဤအချက်သည် အားလုံးလက်ခံသော အချက်လည်းဖြစ်သည်။ ထိုပညတ်နှစ်ခုလုံးသည် ဒုစရိုက်ကြောင့် ပေး

ထားသော ပညတ်များဖြစ်ကြသည်။ အထက်ပါကျမ်းပိုဒ်တွင် ပြောလိုသော ပညတ်သည် ဘယ်တစ်ခုဖြစ်မည်နည်း။ မေးစရာရှိပါသည်။

ကတိတော်အတိုင်းရောက်လာမည့် အမျိုးနွယ်(သို့) ခရစ်တော်၏ ကြွလာခြင်း နှစ်မျိုးရှိပြန်သည်။ ကျမ်းပိုဒ်ဆိုလိုသော ကြွလာခြင်းသည် မည်သည့်တစ်ခုဖြစ်မည်နည်း။ အထက်ပါကျမ်းပိုဒ်ပါ အမျိုးနွယ်ကြွလာရန် ကျမ်းပိုဒ်ပါ ပညတ်တော်သည် ကတိတော်ခံရသော အမျိုးနွယ်ကြောင့် အဆုံးသတ်ရောက်ကိုရောက်မည်ဟု တရားသေအဘယ့်ကြောင့်မှတ်ယူကြသနည်း။ ထိုသို့မှတ်ယူကြလျှင် ထိုကျမ်းပိုဒ်အဆက်အစပ်များနှင့် ကိုက်ညီမှုရှိတော့မည်မဟုတ်ချေ။ သို့သော်လည်း ထိုသို့မှတ်ယူတတ်ကြသည်။ သမ္မာကျမ်းစာတွင် ဤကျမ်းပိုဒ်အပေါ် အများ၏ ယူဆချက်တွင် တွေ့ရသော ပြစ်ချက်တစ်ခုဖြစ်ပါသည်။

တစ်နည်းနည်းအားဖြင့် ဘုရားသခင့် ပညတ်တော်၏ ရန်သူဖြစ်လာသူများအနေဖြင့် ထိုပညတ်တော် တစ်နည်းနည်းဖြင့် ဖျက်သိမ်းမည်ဆိုလျှင် ပျော်ကောင်းပျော်မိကြပါလိမ့်မည်။ သို့သော်လည်း ပညတ်တော်သည် မည်သည့်အကြောင်းကြောင်းကြောင့်မှ ဖျက်သိမ်းခံရမည်မဟုတ်ကြောင်း မသိသူရှိလေမလား။ ထိုသို့မသိရှိခြင်းသည် အများ၏ အကြောင်းရင်းဖြစ်လာပါသည်။ သူတို့က ဤကျမ်းပိုဒ်ရှိ အမျိုးနွယ်တော် ကြွလာခြင်းသည် ခရစ်တော်၏ ပထမအကြိမ်ကြွလာခြင်းဟု တရားသေမှတ်ယူကြသည်။ စာပိုဒ်တစ်ခုထက်ပို၍ ဆင်ခြင်ရန်လည်း စိတ်မဝင်စားကြချေ။ အကြောင်းမှာ ဤကျမ်းပိုဒ်အပေါ် သူတို့ယူဆချက်မှာ ဘုရားသခင့်ပညတ်တော်ဖျက်သိမ်းသည်ဟူသော သူတို့ဆုံးဖြတ်ချက်ကို ထောက်ပံ့သည့် ကျမ်းချက်အဖြစ်သာ လက်ခံလိုက်ကြသည်။ ထို့ကြောင့် သူတို့သည် ဘုရားသခင့်ပညတ်တော်၏ ရန်သူများဖြစ်လာကြသည်။

အခြားတစ်ဖက်တွင် ဘုရားသခင့်ပညတ်တော် ဘက်တော်သားများတွက်လည်း ခရစ်တော် ပထမအကြိမ်ကြွလာခြင်းကြောင့် ဖျက်သိမ်းခြင်းခံရသော ပညတ်တစ်မျိုးရှိသည်မှာ မှန်ပါသည်။ "ဂတိတော်ကိုခံသော မျိုးအနွယ်မဖြစ်မှီ တိုင်အောင်" ပေးသော ပညတ်ရှိသည့်အတွက် ဘုရားသခင့်ပညတ်တော် ဘက်တော်သားများကလည်း ပညတ်တော်မုန်းတီးသော လူများပြောသကဲ့သို့ အမျိုးနွယ် ရောက်လာခြင်းသည် ခရစ်တော်၏ ပထမအကြိမ်ကြွလာခြင်းကိုဆိုလိုကြောင်း လက်ခံကြသည် ဆိုကြပါစို့။ သို့ဖြစ်လျှင် ဖျက်သိမ်းခံရသော ပညတ်သည် ပညတ်တော်ဆယ်ပါးဖြစ်ရတော့မည်။ သို့သော်လည်း ထိုယူဆချက်သည် ကျမ်းပိုဒ် ဆိုလိုရင်းကို အနက်ဖွင့်ရာတွင် ပြည့်စုံခိုင်လုံသော ယူဆချက်မဟုတ်တော့ချေ။ အမှန်တရားအတွက် သမ္မာကျမ်းစာထဲရှိသည့်အတိုင်း လေ့လာအဖြေရှာခြင်းမဟုတ်ဘဲ၊ ရှိပြီးသား အနက်ဖွင့်ဆိုချက်တစ်ခုကိုသာ အတည်ယူလိုက်ခြင်းဖြင့် မေးခွန်းကို လျစ်လျူရှုလိုက်ခြင်းပင်ဖြစ်သွားပါသည်။ အမှန်မှာ၊ ကျမ်းပိုဒ်တစ်ခုလုံးတွင် မည်သည့်အဆက်စပ်နှင့်မျှ ပညတ်တော်ကို ဖျက်သိမ်းသည်ဟူသော သဘောမျိုးတစ်ခုမျှ မပါရှိပါ။ အဓိကအချက်မှာ "ပညတ်တော်သည် အဘယ်အကျိုးရှိသနည်း" ပညတ်တော်ရဲ့ ရည်ရွယ်ချက်က ဘာလဲ၊ ပညတ်တော်ဆိုတာ ဘာလဲ၊ ပညတ်တော်ရဲ့ပန်းတိုင်က ဘာလဲ၊ ဟူ၍မေးခွန်းထုတ်ခြင်းသာဖြစ်ပါသည်။

ကတိတော်ခံရသောအမျိုးနွယ်၏ ကြွလာခြင်း နှစ်ခုရှိပါသည်။ ပထမအကြိမ်ကြွလာသကဲ့သို့ ခရစ်တော်၏ ဒုတိယအကြိမ်ကြွလာခြင်းလည်း ရှိပါသည်။ ဤကျမ်းပိုဒ်ရည်ညွှန်းသောကြွလာခြင်းသည် ဒုတိယအကြိမ်ကြွလာခြင်းရော မဖြစ်နိုင်ဘူးလား။ ကျမ်းစာထဲတွင် ဒုတိယအကြိမ်ကြွလာခြင်းကဲ့သို့ ဖော်ပြချက်များရှိပါသည်။

ဥပမာအားဖြင့် ယေဇကျေလ ၂၁း ၂၇တွင်၊ ယုဒရှင်ဘုရင်၏ သရဖူပယ်ရှားခြင်းအကြောင်း ပြောရာတွင် "နိုင်ငံကို ဆုံးရှုံးစေခြင်းငှာလည်းကောင်း၊ **အစိုးပိုင်သောသူ**

**မရောက်မီတိုင်အောင်**လည်းကောင်း ငါမှောက်လှန်မည်။ မှောက်လှန်မည်။ မှောက်လှန်မည်။ အစိုးပိုင်သောသူ၌ ငါအပ်မည်ဟု အရှင်ထာဝရဘုရားမိန့်တော်မူ၏။ ဤနေရာတွင် ရောက်လာမည့် အစိုးပိုင်သူသည် မည်သည့်ကိုဆိုလိုခြင်းဖြစ်မည်နည်း။ ဤအကြောင်းအရာ အချက်အလက်အားလုံးကို ခြုံငုံသုံးသပ်ပြီးမှသာ အဖြေမှန်သိနိုင်ပါလိမ့်မည်။ သူလာသောအခါ သရဖူကိုဆောင်းမည့်အစား၊ ဆူးရစ်သရဖူကိုဆောင်းခဲ့ရသည်။ ပလ္လင်ပေါ်တွင် ထိုင်ရမည့်အစား၊ ကားတိုင်ပေါ်တွင် ရိုက်နှက်ခြင်းကို ခံခဲ့ရသည်။ ထို့ကြောင့် ဤနေရာတွင် ကျမ်းချက်ရည်ညွှန်လိုသော အချက်သည် ပထမအကြိမ်ကြွလာခြင်းမဟုတ်ကြောင်း သိနိုင်ပါသည်။ ကျမ်းချက်ပြောလိုသော အချက်သည် ခမည်းတော်၏ပလ္လင်ပေါ်တွင် သူထိုင်လျှက်၊ သရဖူအပေါင်းဆောင်းလျှက် ဒုတိယအကြိမ်ကြွလာခြင်းဖြစ်သည်။ "ကမ္ဘာ့နိုင်ငံသည် ငါတို့၏ထာဝရအရှင်နှင့် ကိုယ်တော်၏ ခရစ်တော်ပိုင်ဆိုင်တော်မူရာဖြစ်လေပြီ။ ကိုယ်တော်သည်လည်း ကမ္ဘာအဆက်ဆက် စိုးစံတော်မူလိမ့်မည်။" (ဗျာဒိတ် ၁၁း ၁၅၊MSBU) ဤအချက်သည် ကျမ်းပိုဒ်ရည်ညွှန်းလိုသော အစိုးပိုင်သောသူ ရောက်လာခြင်း၊ အစိုးပိုင်သောသူ၌ အပ်ထားခြင်းအကြောင်းအရာ ဖြစ်ပါသည်။

အခြားတစ်နေရာတွင် မိန်းမ၏အမျိုးနွယ်သည် ရှေးမြွေဟောင်း၏ ဦးခေါင်းကို နင်းချေလိမ့်မည်ဟု ပါရှိသည်။ အမျိုးနွယ်လာရောက်ခဲ့ပြီးသော်လည်း မြွေ၏ ဦးခေါင်းကို နင်းချေမသွားသည်သာမက၊ အမျိုးနွယ်သည် နင်းချေခြင်းကို ခံခဲ့ရသည်။ (ဟေရှာယ ၅၃း ၅) သူကြွလာပြီး၊ သေခြင်းတိုင်အောင် နင်းချေခြင်း ခံရပြီးသောအခါ ကောင်းကင်သို့ တက်ကြွသွားခဲ့သည်။ သူတက်ကြွပြီး နှစ်ပေါင်းသုံးဆယ်ကြာပြီးနောက် ရေးသားထားသည်မှာ "ငြိမ်သက်ခြင်း၏အရှင် ဘုရားသခင်သည် မကြာမီအတွင်း စာတန်ကို သင်တို့၏ခြေအောက်၌ ကြေမွစေတော်မူလိမ့်မည်" (ရောမ ၁၆း ၂၀) ဒံယေလ ၂တွင်၊ "ထိုရှင်ဘုရားများ အုပ်စိုးသည့်ကာလတွင်ပင် ကောင်းရှင်ဘုံရှင်ဘုရားသခင်သည် မည်သည့်အခါမျှ မပျက်စီးနိုင်မည့်နိုင်ငံတစ်ခုကို တည်ထောင်

တော်မူလိမ့်မည်။ ဤနိုင်ငံသည် အခြားသူတို့လက်သို့ ရောက်ရမည်မဟုတ်။ အခြားနိုင်ငံအားလုံးကို တစ်စစီခြေမွဖျက်ဆီးပစ်မည်။ ဤနိုင်ငံသည် အစဉ်အမြဲတည်လိမ့်မည်။" ဟုရေးသားထားပါသည်။ (ဒံယေလ ၂း ၄၄) ယနေ့ခေတ်အမှုတော်ဆောင်များက လူလက်ဖြစ်မဟုတ်ဘဲ၊ ထုခွဲထားသော ကျောက်တုံးတစ်တုံးသည် တစ်ကမ္ဘာလုံးကိုပြည့်သွားသည်ဟူသော ဤကျမ်းချက်သည် ခရစ်တော်၏ ပထမအကြိမ်ကြွလာခြင်းကို ရည်ညွှန်းသည်ဟု လက်ခံထားကြသည်။ သို့သော်လည်း ယေရှု ဤလောကတွင် ရှိစဉ်အခါက "ငါ့နိုင်ငံသည် ဤလောကနှင့်မစပ်ဆိုင်။ ငါ့နိုင်ငံသည် ဤနေရာမှဖြစ်တည်သည်မဟုတ်" ဟုပြောခဲ့သည်။ ထို့ကြောင့် ထိုကျမ်းချက်သည် ဒုတိယအကြိမ်ကြွလာခြင်း၌ ပြည့်စုံမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ဖြစ်လျှင် ဂလာတိ ၃း ၁၉တွင် တွေ့ရသော အမျိုးနွယ် ရောက်လာခြင်းသည် ဒုတိယအကြိမ်ကြွလာခြင်းကို ရည်ညွှန်းလိုခြင်း ဘာ့ကြောင့် မဖြစ်နိုင်ရမည်နည်း။ ကျမ်းပိုဒ်ရှိ အခြေနေ၊ အချိန်ခါ၊ သဘောတရားကို ဆင်ခြင်ကြည့်ပါ။ "ဂတိတော်ခံရသော အမျိုးနွယ်မဖြစ်မည်တိုင်အောင်"ဟုတွေ့ရသည်။ မည်သည့် ကတိတော် ဖြစ်မည်နည်း။ အမွေတော်နှင့်ဆိုင်သော ကတိတော်ဖြစ်ကြောင်း အငြင်းပွားစရာမရှိပါ။ "အမွေတော်သည် ပညတ်တရားအပေါ်မူတည်လျှင် ကတိတော်အပေါ် မမူတည်တော့ပေ။ သို့သော် ဘုရားသခင်သည် အာဗြဟံအား ထိုအမွေတော်ကို ကတိတော်အားဖြင့် ပေးသနားတော်မူပြီ။" ဟုရေးသားထားပါသည်။ (ဂလာတိ၃း ၁၈) ပညတ်တရားသည် အဘယ့်ကြောင့်ရှိရသနည်း။ ကတိတော်ကိုခံရသော အမျိုးနွယ်မဖြစ်မီတိုင်အောင်၊ ဒုစရိုက်များကြောင့် တရားကိုထပ်၍ ပေးတော်မူ၏။" ထို့ကြောင့် ကျမ်းပိုဒ်အရ ကတိတော်သည် အမွေတော်နှင့်ဆိုင်သော ကတိတော်ဖြစ်ကြောင်း ထင်ရှားပါသည်။ ကျမ်းပိုဒ်တွင် ရည်ညွှန်းလိုသော ပညတ်သည် မည်သည့်ပညတ်ပင်ဖြစ်စေကာမူ အမွေတော်နှင့်စပ်ဆိုင်သော ကတိတော် ပေးခြင်းခံရသူ ကြွလာမည့်အချိန်ထိ ပေးထားသော ပညတ်ဖြစ်ပါသည်။ အမျိုးနွယ် ပထမအကြိမ်ကြွလာရာတွင် အမွေ

တော်တစ်စုံတစ်ခု လက်ခံရရှိခြင်း ရှိပါသလား။ ကတိတော် ပြုလုပ်ခြင်းခံရသူ အာဗြဟံ၌ ကတိပေးခဲ့သော အမွေတော်ကတိမှလွဲ၍ မည်သည့်အရာမျှ မရခဲ့ပါ။ ခေါင်းချစရာ နေရာပင် သူ၌မရှိ။ အာဗြဟံကဲ့သို့ပင် ကတိတော် အမွေတော်ကို လက်ခံရရှိခြင်းမရှိသေးသည့်အတွက် ခြေချစရာပင်မရှိခဲ့ပါ။

စာပိုဒ်တွင် "ကတိတော်ကို ခံရသော"ဟု ရေးထားသည်ကို သတိပြုပါ။ ကတိတော်နှင့်စပ်ဆိုသော အမျိုးနွယ်လည်းမဟုတ်၊ ကတိတော်ကို ခံရသော အမျိုးနွယ်ဖြစ်ပါသည်။ ကတိတော်သည် သူနှင့်စပ်ဆိုင်သော တစ်စုံတစ်ယောက်ဆီမဟုတ်ဘဲ ကတိတော်ကိုခံရသော အမျိုးနွယ်ကိုယ်တိုင်ကို ရည်ညွှန်းလိုခြင်းဖြစ်ပါသည်။ ကျမ်းပိုဒ်အရ ကတိတော်သည် အမွေတော်နှင့်ဆိုင်သော ကတိတော်ဖြစ်ကြောင်း အငြင်းပွားစရာမရှိပါ။ ကတိတော်ကို အာဗြဟံနှင့် သူ့မျိုးနွယ်ဖြစ်သော ခရစ်တော်တို့ ခံရသော ကတိတော်ဖြစ်သည်။ ဆာလံ ၂း ၇, ၈တွင် "ထာဝရဘုရားက သင်သည်ငါ့သားဖြစ်၏။ ယနေ့ပင် သင့်ကိုငါဖြစ်ပွားစေပြီ။ ငါ့ကိုတောင်းလော့။ လူအမျိုးမျိုးတို့ကို သင်၏အမွေဥစ္စာဖို့ ငါပေးမည်။ မြေကြီးစွန်းတိုင်အောင် ပိုင်ထိုက်သောအခွင့်ကိုလည်း ငါပေးမည်။"ဟုတွေ့ရသည်။ ထို့ကြောင့် အမွေတော်ဆိုင်ရာ ကတိတော်သည် အမျိုးနွယ်တော်ဖြစ်သော ခရစ်တော်၌ တိုက်ရိုက်ပေးသော ကတိတော်ဖြစ်ပါသည်။

ကတိတော်သည် မည့်သည့်အချိန်တွင် ပြည်စုံသနည်း။ တစ်စုံတစ်ခု ဖြစ်ပျက်လာ၊ ပြည့်စုံလာသည့်အခါ "ကတိတော်ခံရသော အမျိုးနွယ်မဖြစ်မီတိုင်အောင်"ဟု ဆိုသည့်အတွက် ဖြစ်လာမည့်အရာထဲက မည့်သည့်တစ်ခုသည် ဆင်ခြင်သုံးသပ်ရာတွင် ကျိုးကြောင်းဆီလျှော်ဆုံး ဖြစ်မည်နည်း။ ရိုးရိုးပြောရလျှင်၊ ဖြစ်လာမည့်အရာသည် ကတိတော်နဲ့စပ်ဆိုင်သော အမွေတော်ကို လက်ခံရရှိသည့်တွင် ဖြစ်လာမည်ဖြစ်သည်။ ကတိတော်သည် အမွေတော်နှင့်ဆိုင်သောကတိဖြစ်သည်။ ထို့ကြောင့် ကျမ်းစာထဲတွင် ရိုးရှင်စွာဖော်ပြထားသော ကတိတော်, "အမွေတော်နှင့်ဆိုင်သောကတိ"သည် ဒုတိယအကြိမ်ကြွလာခြင်းနှင့် စပ်ဆိုင်ကြောင်း၊ ကတိတော်သည် ပထမ

အကြိမ်ကြွလာခြင်းမဟုတ်ဘဲ၊ ဒုတိယအကြိမ်ကြွလာခြင်း သက်သေဖြစ်သည်။ “ကတိတော်ခံရသော အမျိုးနွယ်မဖြစ်မီတိုင်အောင်”ဟူသော စာပိုဒ်သည် ဒုတိအကြိမ်ကြွလာခြင်းကို ရည်ညွှန်းလိုခြင်းဖြစ်သည်။

ကျမ်းပိုဒ်ရှိအခြားစာကြောင်းများကို ကြည့်လျှင် သိနာတောင်တွင် ကျောက်ပြားနှစ်ပြားဖြင့်ပေးခဲ့သော ဘုရားသခင်၏ ပညတ်တော်သည် အခြားပညတ်များထက် သာလွန်ထူးခြားသော ပညတ်ဖြစ်ကြောင်း၊ အခြားစာကြောင်းများပြောလိုသော အသေးစိတ်အချက်လက်များဖြင့် ကိုက်သောပညတ်ဖြစ်ကြောင်း တွေ့ရသည်။ ကျမ်းပိုဒ်တွင်တွေ့ရသော ဖြစ်လာမည့်အမျိုးနွယ်သည် အမွေတော်နှင့်ဆိုင်သော ကတိတော်ကို လက်ခံရရှိခြင်းနှင့် သက်ဆိုင်သောကြောင့် သမ္မာကျမ်းစာထဲတွင် တွေ့ရသည့် ဘုရားသခင် ကျောက်ပြားပေါ်တွင် ရေးပေးခဲ့သော ပညတ်တော်သည် ခရစ်တော်ဒုတိယအကြိမ် ပြန်လည်ကြွလာသည့်တိုင်အောင်၊ ကမ္ဘာအဆုံးတိုင်အောင် အာဏာအပြည့်ရှိနေအုံးမည်ဖြစ်သည်။ လိုက်နာရန် ဝတ္တရားအပြည့် ရှိနေအုံးမည်ဖြစ်သည်။ ထိုအချက်ကြောင့်ပင် ပညတ်တော်နှင့် ပတ်သက်၍ အငြင်းပွားမှုများ၏ စောဒကတက်စရာမရှိ နိဂုံးလည်းဖြစ်ပါသည်။ ထို့ကြောင့် ပညတ်တော်သည် ဖျက်သိမ်းမခံခဲ့ရကြောင်း ကျွန်တော်တို့သိနိုင်ပါသည်။

စာတန်မာရ်နတ်က ဘုရားသခင့်ပညတ်တော် ဖျက်သိမ်းခြင်းကို သက်သေပြရန် ဇွဲနပဲကြီးစွာ အသုံးပြုတတ်သောကျမ်းချက်များကို သေသေချာချာလေ့လာ၍ ကောင်းစွာနားလည်လာလျှင် ပညတ်တော်သည် ထာဝရတည်ကြည်သော ပညတ်တော်ဖြစ်ကြောင်း၊ ထာဝရ လိုက်နာရမည့်ပညတ်တော်ဖြစ်ကြောင်း မငြင်းသာအောင် အခိုင်အမာ၊ လှပစွာ ဖော်ပြနေသည့် ကျမ်းချက်များဖြစ်နေပါသည်။

ဤအကြောင်းထပ်လေ့လာရလျှင်၊ ကျမ်းပိုဒ်တွင်တွေ့ရသော ကတိတော်သည် အမွေခံခြင်းနှင့်ဆိုင်သော ကတိတော်ဖြစ်သည်။ အမွေတော်သည် ဘာနှင့်ဆက်

စပ်နိုင်သနည်း။ ရိုးရိုးပြောရလျှင် အာဗြဟံနှင့် ဘုရားသခင်စပ်ကြား ပဋိညာဉ်၊ ထာဝရတည်သော ပဋိညာဉ်နှင့် ဆက်စပ်နေပါသည်။ "ငါဆိုသည်ကား၊ ခရစ်တော်ကို ရည်မှတ်၍ ဘုရားသခင်တည်စေတော်မူနှင့်သော ပဋိညာဉ်တရားကို အနှစ်လေးရာသုံးဆယ်လွန်ပြီးမှ နောက်ဖြစ်သော ပညတ်တရားသည် မပယ်နိုင်။ ကတိတော်ကို အချည်းအနှီးမဖြစ်စေနိုင်။" (ဂလာတိ ၃း ၁၇)

ကျွန်ုပ်တို့ လေ့လာခဲ့သည့်အတိုင်း အမွေတော်သည် အာဗြဟံနှင့်ဖွဲ့ခဲ့သော ပဋိညာဉ်၊ ထာဝရတည်သော ပဋိညာဉ်၏ အဓိကအချက်ဖြစ်သည်။ မှန်ပါသည်။ ဘုရားသခင် အာဗြဟံနှင့် ကတိထား၍ ဖွဲ့ခဲ့သော ပဋိညာဉ်သည် ဘုရားသခင် ပေးထားသော ကတိတော်ကို အမွေခံရရန်ဖြစ်သည်။ ဘုရားသခင် သူ့ကိုကတိပေးပြီးနောက်၊ အာဗြဟံက "အရှင်ထာဝရဘုရား၊ ဤပြည်ကို အကျွန်ုပ်အမွေခံရမည်ကို အဘယ်သို့ သိရပါအံ့နည်းဟု မေးလျှောက်လေ၏။"(ကမ္ဘာ ၁၅း ၈) ထိုအမေးကို ဖြေသည့်အနေဖြင့် ဘုရားသခင်သည် သွေးပဋိညာဉ်ကိုဖွဲ့ကာ၊ သူ့အသက်ကိုတိုင်တည်၍ အမွေခံခြင်းဆိုင်ရာ ကတိတော်သည် မည်သည့်အခါမျှ ရွေ့လျော့သွားမည်မဟုတ်ကြောင်း ကတိပြုခဲ့သည်။

အထက်က လေ့လာပြီးသည့်အထဲတွင် ထိုပဋိညာဉ်ကို ဖွဲ့ပြီးနောက် နောက်ဆက်တွဲမှာ လူသားများကိုကောင်းချီးပေးရာတွင် ထိုပဋိညာဉ်ရှိကောင်းချီးမင်္ဂလာအပြည့်အဝရရှိစေရန်ဖြစ်သည်။ ထာဝရတည်သော ပဋိညာဉ်ကတိတော်ဖြစ်သော အမွေတော်ကိုအပြည့်အဝရရှိစေရန်ဖြစ်သည်။ ဤအချက်သည် သမ္မာကျမ်းစာရှိ သိနာတောင်ပေါ်တွင် ကျောက်ပြားနှစ်ပြားပေါ် ရေးထားသော ဘုရားသခင့်ပညတ်တော်ကို ပေးရခြင်းအကြောင်းရင်းလည်းဖြစ်သည်။ လူသားတို့သည် ထိုပဋိညာဉ်ကို စောင့်ထိန်းခဲ့ကြလျှင် ပညတ်တော်ကိုလည်း စိတ်ထဲတွင် စောင့်ထိန်းပြီးသားဖြစ်သွားမည်။ ထို့ကြောင့် ပညတ်တော်ကို သိနာတောင်ပေါ်တွင် ကျောက်ပြားပေါ် ရေးထွင်းထားရန်လည်း လိုအပ်တော့မည်မဟုတ်။ ထိုပညတ်တော်၏ ရည်ရွယ်ချက်ဖြစ်သည့် ဒုစ

ရိုက်အပြစ်၏ ဆိုးရွားပုံပြသရန်၊ အပြစ်တရား ပွားများလာရသော်လည်း လူသားများအနေဖြင့် ဘုရားသခင်၏ ကရုဏာတော်ပိုမိုပြည့်ဝများပြားကြောင်း တွေ့ရှိသွားစေရန်ဖြစ်သည်။ ခရစ်တော်အားဖြင့် အာဗြဟံနှင့်ဖွဲ့ခဲ့သော ထာဝရပဋိညာဉ်ကို အပြည့်အဝပိုင်ဆိုင်နိုင်ရန်ဖြစ်သည်။ ထိုပဋိညာဉ်၏ အမွေတော်သည် ကတိတော်ဖြစ်သည်။

အမွေတော်ကတိတော်ခံရသူဖြစ်သော လာမည့်အမျိုးနွယ်သည် ခရစ်တော်၏ ပထမအကြိမ်ကြွလာခြင်း မဟုတ်ဘဲ ဒုတိယအကြိမ်ကြွလာခြင်းဖြစ်မှသာ ရေးသားပေးထားသော ဘုရားသခင့်ပညတ်တော်သည် သူ၌အပ်ထားသော ရည်ရွယ်ချက်ဖြစ်သည့် ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့် လူသားများကို ထာဝရတည်သော ပဋိညာဉ် ပြည့်စုံလာခြင်းအားဖြင့် ပြီးပြည့်စုံနိုင်မည်ဖြစ်သည်။ ထာဝရတည်သော ပဋိညာဉ်၏ ပြည့်စုံခြင်းသည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားဖြစ်၏။ ဖြောင့်မတ်ခြင်းတရားသည် ပညတ်ချက်များကို လိုက်လျှောက်ခြင်းနှင့် ခရစ်တော်၏ ယုံကြည်ခြင်းဖြစ်သည်။ ထာဝရပဋိညာဉ်၏ ကတိတော်ဖြစ်သော အမွေတော်ကို လက်ခံရရှိနိုင်ရန်အတွက် လူသားများသည် ထာဝရပဋိညာဉ်၏ ပြည့်စုံခြင်းသို့ ရောက်လာရမည်ဖြစ်သည်။ (english Page 14)

မှန်ကန်သောအမြင်နှင့် အမှန်တရားမှာ ထာဝရပဋိညာဉ်သည် ယုံကြည်သူများတွက် ခရစ်တော်ဒုတိယအကြိမ် မကြွလာမချင်း ပြည့်စုံခြင်းသို့ ရောက်အုံးမည်မဟုတ်။ ဒုတိယအကြိမ်ကြွလာမှသာ အမွေတော်နှင့်စပ်ဆိုင်သော ကတိတော်ကိုခံရသည့် အမျိုးနွယ်ဖြစ်လာဖြစ်မည်ပါသည်။

ထာဝရပဋိညာဉ်အကြောင်း ပြောထားချက်တစ်ခုမှာ “သူတို့၏ စိတ်နှလုံးထဲသို့ ငါ၏ ပညတ်တရားကို သွင်းပေးမည်။ သူတို့နှလုံးသားပေါ်တွင် ရေးထားမည်။” ဤအချက်သည် တတိယကောင်းကင်တမန် သတင်းစကားထဲကအတိုင်း ဘုရားသခင့် ပ

ညတ်တော်နှင့် ယေရှု၏ယုံကြည်ခြင်း”ကို လက်တွေ့ စောင့်ရှောက်ရသည့် အချိန်မတိုင်မီ ပြည့်စုံခြင်းသို့ ရောက်အုံးမည်မဟုတ်ပါ။ ထိုအချိန်ရောက်မှသာ ဘုရားသခင်သည် ကောင်းကင်မှငုံ့ကြည့်၍ “ဘုရားသခင့်ပညတ်တော်နှင့် ယေရှု၏ယုံကြည်ခြင်းကို စောင့်ရှောက်သူများ”ဟု အမှန်ကန်ပြောမည်ဖြစ်သည်။

ထိုပဋိညာဉ်အကြောင်းနှင့်ပတ်သက်၍ “သူတို့အသီးသီးသည် မိမိအမျိုးသားချင်းနှင့် မိမိညီအစ်ကိုချင်းအား “ထာဝရဘုရားကိုသိလော့”ဟု သင်ပေးရလိမ့်မည်မဟုတ်။ အကြောင်းမူကား၊ အငယ်ဆုံးသောသူမှစ၍ အကြီးဆုံးသောသူတိုင်အောင် လူအပေါင်းတို့သည် ငါ့ကိုသိကျွမ်းကြလိမ့်မည်”(ဟေဗြဲ ၈း ၁၁) အာဖြဟံကဲ့သို့ပင် ကျွန်ုပ်တို့သည် ယခုပဋိညာဉ်အသစ်၌ အသက်ရှင်နေကြသော်လည်း ကမ္ဘာကြီးသော်လည်းကောင်း၊ ကျွန်ုပ်တို့သော်လည်းကောင်း မိမိအမျိုးသားချင်းနှင့် ညီအစ်ကိုချင်းအား ထာဝရဘုရားကိုသိလော့ဟု သင်ပေးစရာမလိုတော့သည့် အခြေနေသို့မရောက်သေးပါ။ တတိယကောင်းကင်တမန် သတင်းစကားရှိ ဘုရားသခင့် ကောင်းချီးနှင့် တန်ခိုးတော်အားဖြင့် ဘုရားသခင့် နက်နဲသောအရာများ ပြီးပြည့်စုံခြင်းသို့ မရောက်မီ ထာဝရပဋိညာဉ်တော် အပြည့်အဝပြည့်စုံခြင်းသို့ ရောက်အုံးမည်မဟုတ်ချေ။ (ကောလောသဲ ၁း ၂၆, ၂၇, ဗျာဒိတ် ၁၀း ၇)

ဤနေရာတွင် ပဋိညာဉ်သစ်အကြောင်း စာကြောင်းတစ်ခုချင်းစီ အားလုံး ရှင်းပြရန်မလိုအပ်ပါ။ ဖော်ပြပြီးသောအချက်များသည် လုံလောက်သော သာဓကများဖြစ်ပါသည်။ ထာဝရပဋိညာဉ် (သို့) ပဋိညာဉ်သစ် (သို့) အာဗြဟံနှင့်ဖွဲ့သော ပဋိညာဉ်သည် လာမည့်ကတိတော်ခံအမျိုးနွယ်၊ အမွေတော်နှင့်စပ်ဆိုင်သော ကတိတော်ဖြစ်သည်။ ထိုကတိတော်သည် လက်ယုံကြည်ခံသူများအတွက် ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်း မတိုင်မီ ပြည့်စုံခြင်းသို့ ရောက်မည်မဟုတ်ပါ။ ဖော်ပြထားသော ကျမ်းချက်များအားဖြင့် နားလည်ရခက်ခဲနေသေးလျှင် (သို့) မယုံကြည်နိုင်သေးလျှင် ဝိညာဉ်တော်စာပေမှ ယေရှု၏ သက်သေခံချက်များရှိ ရေးသားချက်များကို ဖတ်ပါ။

“ဘုရားသခင်သည် သူ့လူများကို သန်းခေါင်ယံအချိန်တွင် ကယ်တင်ခဲ့သည်။ ဆိုးယုတ်သူများသည် သူတို့ကို လှောင်ပြောင်သရော်နေကြစဉ်၊ ရုတ်တရက် နေမင်းကြီး ပေါ်ထွန်းလာ၏။ အားကောင်းကောင်း ထွန်းတော်နေသည်။ လသည်လည်း ရပ်တန့်နေသည်။ သန့်ရှင်းသူတို့သည် သူတို့အတွက်လာသည့် ကယ်တင်ခြင်းကို ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းဖြင့် ကြည့်နေကြသည်။ ဆိုးယုတ်သူများသည် ထိုမြင်ကွင်းကို တအံ့တသြငေးကြည့်နေကြသည်။ အံ့ဖွယ်နမိတ်လက္ခဏာများ ဆက်တိုက်ဖြစ်သွားကြ၏။ အရာအားလုံးသည် သာမန်ထက် ထူးကဲထူးခြားနေသည်။ စမ်းချောင်းများ ရပ်တန့်ကြသည်။ ထူထပ်သောမှောင်မိုက်တိမ်စိုင်များ တစ်ခုနှင့်တစ်ခု တိုက်ခိုက်နေကြသည်။ သို့သော် ဘုန်းတန်ခိုးများ ထွန်းတောက်ရာ ကြည်လင်သော နေရာတစ်နေရာရှိသည်။ ထိုနေရာမှ ဘုရားသခင်၏ အသံတော်သည် တစ်ခဲနက်သောရေထုကဲ့သို့ ထွက်လာ၍ ကောင်းကင်နှင့် မြေကြီးတို့တုန်လှုပ်သွားကြသည်။ ကြီးစွာသော ငလျင်လှုပ်ခတ်သွား၏။ သင်္ချိုင်းအခေါင်းများ ပွင့်ထွက်လာကြသည်။ ကွန်လွန်ပြီးသော တတိယကောင်းကင်တမန်၏ သတင်းစကားကို ယုံကြည်သူများ၊ ဥပုသ်နေ့ကို စောင့်ရှောက်သူများသည် ပညတ်တော်စောင့်ရှောက်သူများနှင့် ဘုရားသခင်ဖွဲ့သည့် ငြိမ်းချမ်းခြင်းပဋိညာဉ် အဆုံးဖြတ်ကို ကြားနာရန် ဖုန်တက်နေသော မိမိတို့အိပ်ယာမှ ဘုန်းတော်ခံလျက် ထွက်လာကြသည်။

“ကောင်းကင်သည် ဖွင့်လိုက်ပိတ်လိုက် ရုတ်ရုတ်သဲသဲဖြစ်နေ၏။ တောင်များသည် လေထဲတွင် လွှင့်မျောတတ်သော ကျူပင်များကဲ့သို့ ယိမ်းနွဲ့နေကြသည်။ ကျောက်တုံးများလည်း လွှင့်စင်နေ၏။ ပင်လယ်တို့သည် ဆူပွက်လာကာ ကျောက်တုံးများကို မြေပြင်ပေါ်သို့ ပစ်လွှတ်ကြ၏။ ဘုရားသခင်သည် ယေရှုကြွလာမည့် နေ့ရက်အချိန်နာရီကို ပြောနေစဉ် ထာဝရပဋိညာဉ်ကို သူ့လူများထံ ကတိထားသည့်အတိုင်း ဖြည့်ဆည်းပေးသည်။ စကားတစ်ကြောင်းပြောပြီးနောက် ရပ်သွား၏။ နှုတ်တော်ထွက် စကားတို့သည် ကမ္ဘာတစ်ခွင် လွင့်မျှောနေကြသည်။ ဘုရားသခင့် လူမျိုးများသည်

အထက်သို့မျှော်ကြည့်လျှက် ယေဟောဝါဘုရား၏ နှုတ်တော်မှ ထွက်လာသော စကားသံတော်ကို နားထောင်နေကြ၏။ စကားသံတော်သည် ကမ္ဘာတစ်ခွင် အကျယ်လောင်ဆုံး မိုးချုန်းသံကဲ့သို့ မြည်ဟီးသွား၏။ ဆိုးယုတ်သူများသည် ဘုရားသခင့် ဘုန်းတော်ကြောင့် သန့်ရှင်းသူများကို မကြည့်နိုင်ကြ။ ဥပုသ်နေ့ကို သန့်ရှင်းစွာစောင့်ထိန်းခြင်းအားဖြင့် ဘုရားသခင်ကို ချီးမြှောက်သူများအပေါ် အဆုံးမဲ့ကောင်းချီးမင်္ဂလာကို မြွက်ဆိုလိုက်သည့်အခါ သားရဲနှင့် သူ၏ရုပ်တုကို အောင်နိုင်ပြီဟု ကြီးစွာသောကြွေးကြော်သံကို ကြားရသည်။ (Early Writings, p. 145-146)

အောက်က ကိုးကားချက်သည်လည်း ရှေ့ကဖော်ပြပြီးသော အရာများအကြောင်းပင်ဖြစ်သော်လည်း ကျွန်တော်တို့ပြောနေသည့် အကြောင်းအရာနှင့် ဆက်စပ်သော အရေးကြီးသည့်အချက်များပါနေပါသည်။

"အောင်ပွဲခံသည့်အသံများ၊ လှောင်ပြောင်သံများ၊ ကျိန်ဆဲသံများဖြင့် လူဆိုးများ၏ ဆူးများသည် သူတို့သားကောင်အပေါ် နင်းချေတော့မည်ဖြစ်သည်။ အလိုလေး... သန်းခေါင်ယံထက် ထူထပ်သောမှောင်မိုက် ကမ္ဘာပေါ်ကျရောက်လေပြီ။ ထိုစဉ် ဘုရားသခင့်ပလ္လင်တော်မှ ဘုန်းတန်ခိုးဖြင့်ထွန်းတောက်သော သက်တန့်တစ်ခုပေါ်လာ၏။ ရောင်ခြည်တော်သည် ကောင်းကင်တစ်ခွင်ထွန်းတောက်လျှက်၊ ဆုတောင်းလျက်ရှိသော လူစုတို့ကို ဝန်းရံထားသည်။ စိတ်ဆိုးဒေါသထွက်နေသော လူထုကြီးသည် ရုတ်တရက်ဖမ်းဆီးခြင်းကို ခံရကြ၏။ သူ တို့လှောင်ပြောင်အော်ဟစ်သံများ ရပ်စဲသွား၏။ သတ်ဖြတ်လိုသည့် ဒေါသစိတ်များကို မေ့ပျောက်သွားကြ၏။ ထိတ်လန့်ကြောက်ရွံ့စိတ်များဖြင့် သူတို့သည် ဘုရားသခင်၏ ပဋိညာဉ်လက္ခဏာကို ကြည့်နေကြသည်။ ထွက်လာသော ဘုန်းကြီးသည့် ရောင်ခြည်တော်မှ သူတို့ကိုကာကွယ်ပေးရန် တောင့်တနေကြသည်။ အမျက်ထွက်နေသော ကောင်းကင်ထုအကြားမှ သန့်ရှင်းကြည်လင်သော ဖော်ပြခြင်းငှာမတတ်နိုင်သည့် ဘုန်းတော်ပေါ်ထွက်လာ၏။ ထိုဘုန်းတော်မှ ဘုရားသခင့်အသံတော်သည် တစ်ခဲနက်သောရေထုသံကဲ့သို့

"အမှုပြီးပြီ"ဟု ထွက်လာ၏။ ထိုအသံတော်ကြောင့် ကောင်းကင်နှင့် မြေကြီးတုန်လှုပ်သွားကြသည်။ ကြီးစွာသော ငလျှင်လှုပ်ခတ်သွား၏။ "လူသားကို ဖန်ဆင်းပြီးနောက်ပိုင်း ထိုမျှလောက်အားကြီးသောငလျှင် တစ်ခါမှမလှုပ်ဖူးချေ။ သင်္ချိုင်းတို့ ပွင့်လာကြသည်။ ကမ္ဘာကြီး၏ ဖုန်မှုန့်ထဲတွင် အိပ်ပျော်နှင့်ပြီးသူများသည် နိုးထလာကြသည်။ အချို့တို့သည် ထာဝရအသက်ဖြင့် နိုးထလာကြပြီး အချို့တို့သည် ထာဝရရှက်ကြောက်ခြင်း၊ အသရေပျက်ခြင်းဖြင့် နိုးထလာကြသည်။ တတိယကောင်းကင်တမန်သတင်းစကားကို ယုံကြည်လျှက်ကွယ်လွန်သူများသည် ပညတ်တော်စောင့်ရှောက်သူများနှင့် ဘုရားသခင်ဖွဲ့ခဲ့သော ငြိမ်းချမ်းခြင်းပဋိညာဉ်၏ အဆုံးဖြတ်ကိုကြားနာရန် အခေါင်းထဲမှ ဘုန်းတော်ခံလျက် ထွက်လာကြ၏။"

"ကောင်းကင်မှ ဘုရားသခင့်အသံတော်ကို ကြားရ၏။ အသံတော်သည် ယေရှုကြွလာမည့် နေ့ရက်အချိန်နာရီနှင့် သူ့လူများထံ ပေးအပ်မည့် ထာဝရပဋိညာဉ် အကြောင်းကြွေးကြော်နေသည်။"


"ထိုနောက် အရှေ့ဘက်မှ လူ့လက်တစ်ဝက်စာမျှရှိသော တိမ်မဲတစ်ခုပေါ်လာသည်။ ထိုတိမ်သည် ကယ်တင်ရှင်ကို ဝန်းရံထားသည့် တိမ်ဖြစ်သည်။ အဝေးမှကြည့်လျှင် မှောင်မဲသယောင်ရှိ၏။ ဘုရားသခင့် လူများကမူ လူသား၏လက္ခဏာဖြစ်သည်ဟု သိကြ၏။ ကမ္ဘာမြေနှင့် နီးသထက်နီးကပ်လာသည်ကို ငြိမ်သက်ခြင်းဖြင့် ကြည့်ရှုနေကြ၏။ ထိုအရာသည် ပိုမိုလင်းလျက်၊ ဘုန်းကြီးလာကာ ကြီးမားသောအဖြူရောင်တိမ်ထုကြီးဖြစ်လာ၏။ အောက်တွင် ဘုန်းတော်မီးတောက်ကြီးရှိသည်။ အထက်တွင် ပဋိညာဉ်၏သက်တန့်ထွက်လာသည်။ (GC P. 635,641)

ဘုရားသခင်၏ သန့်ရှင်းသူများသည် ထာဝရပဋိညာဉ်၊ အာဗြဟံနှင့်ပြုခဲ့သော ပဋိညာဉ်ကို အပြည့်အဝခံယူအရှိပြီးနောက်၊ သမ္မာကျမ်းစာထဲတွင် သိနာတော်မှ ပညတ်တော်ကို ပေးရခြင်း၏ ရည်ရွယ်ချက် ပြည့်စုံခြင်းသို့ရောက်ပြီးနောက်၊

ပညတ်တော်သည် ဖျက်သိမ်းခံရမည်မဟုတ်ဘဲ ကျွန်ုပ်တို့၏ စိတ်၊နှလုံးသား၊ ဝိညာဉ်ထဲမှ စောင့်ရှောက်ကြတော့မည်ဖြစ်သည်။ အာဗြဟံ၊ နောက်၊ အာဒံတို့အတွက် ပညတ်တော်သည် သိနာတောင်ပေါ်မှ ကြေငြာရန် (သို့) ကျောက်ပြားပေါ်တွင် ရေးသားထားရန် မလိုအပ်သကဲ့သို့ ကျွန်ုပ်တို့အတွက် မလိုတော့ဘဲ ကျွန်ုပ်တို့၏ စိတ်နှလုံးသား၊ ဝိညာဉ်ထဲမှ စောင့်ရှောက်ကြတော့မည်ဖြစ်သည်။ ထိုအချိန်တွင် ဖျက်သိမ်းခံရမည်မဟုတ်ဘဲ ရှေးအရင် လူသားတို့ စောင့်ရှောက်လိုက်နာခဲ့သည်ထက် ပိုမိုကောင်းမွန်စွာ၊ ပြည့်စုံစွာ၊ ထိရောက်စွာ လိုက်နာစောင့်ထိန်းကြတော့မည် ဖြစ်သည်။

ဤအချက်သည် “ပညတ်တော်ကို အဘယ်ကြောင့်စောင့်ရသနည်း” ပညတ်တော်သည် အဘယ်ကျေးဇူးရှိသနည်း”ဟူသော မေးခွန်း၏ အဖြေဖြစ်ပါသည်။ ဤအကြောင်းကြောင့်ပင် ပညတ်တော်ကို “ကတိတော်ကိုခံသော အမျိုးနွယ်မဖြစ်မီတိုင်အောင်၊ ဒုစရိုက်များကြောင့် ထိုတရားကို ထပ်၍ပေး” ရခြင်းဖြစ်သည်။ “ထိုတရားကို ကောင်းကင်တမန်များအားဖြင့် အာမခံ၏လက်၌ ထားရခြင်းအကြောင်းရင်းလည်း ဖြစ်ပါသည်။”

ဂလာတိ ၃း ၁၉ကို အခြားအခန်းများ၊ တစ်အုပ်လုံးနှင့် မိုမိုမှန်ကန်စွာ၊ မိုမို အဆက်စပ်မိ၊သင့်လျော်စွာ ခရစ်တော်ကိုမြှော်လင့်သော သတ္တမနေ့ ဥပုသ်စောင့်သူများက အခြားသူများထက် လေ့လာသိရှိထားသည်ဟု ကျွန်တော်တို့လုံးလုံး ယုံကြည်ကြပါသည်။



# ဘာ့ကြောင့်ပညတ်စောင့်ရသနည်း။

## ဂလာတိ ၃း ၁၉ကို အနက်ဖွင့်ခြင်း

AT Jones